မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ**

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၃)၊ အမှတ်(၃၆၀)

၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
၂၀၂၄ ခုနှစ်၊ ဧပြီ ၁၂ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် တစ်သောင်းနီးပါးတင်ပို့နိုင်ခဲ့



**ရန်ကုန် ဧပြီ ၁၁**

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် တစ်သောင်းနီးပါးတင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်စ ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၉၁၃၇ ဒသမ ၁၈၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၇၄ သန်းရရှိခဲ့ကာ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန်

**စာမျက်နှာ ၁၁ ကော်လံ ၁ ▶**

**၂၀၂၄ ခုနှစ် ဧပြီလအတွင်း ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

စာ - ၃ သို့

**၂၀၂၄ ခုနှစ် ဧပြီလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်**

စာ - ၂၄ သို့

## ထူးခြားသည့် နေ့အပူချိန်များ


**နေပြည်တော် ဧပြီ ၁၁**

| | | |
|---|---|---|
| ချောက် | ၄၅ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၄ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၄ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၄ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၄၄ | ဒီဂရီဆဲလ်စီးယက် |
| အမ်း | ၄၃ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၄၃ | ဒီဂရီဆဲလ်စီးယက် |

## ဆောင်းပါး

**လမင်းသို့ထိန် သူရိန်သို့ လင်းကြပါစေ**

စာ - ၁၂ သို့





**ဒေသတွင်းထုတ်လုပ်ဖြန့်ချိရောင်းချနေသည့် ရွှေဥဩထားဝယ်ရိုးရာလုံချည်**

စာ - ၂၆ သို့

**CHID Bank တွင် သတ်မှတ်ပမာဏပြည့်မီစွာ စုဆောင်းထားရှိသူများ အောင်မြင့်မိုရ်အိမ်ရာအခန်းကို အတိုးနှုန်းသက်သာသော နှစ်ရှည်အိမ်ရာချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်**

စာ - ၇ သို့






## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ ဧပြီ ၁၂ ရက်)

# အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ဧပြီလ ၁၀ ရက်တွင် ကျင်းပသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များလှူဒါန်းပွဲသို့ တက်ရောက် အမှာစကားပြောကြားစဉ် "မြန်မာစကားပုံတွင် **"ရေအသက်တစ်မနက်၊ ထမင်းအသက်ခုနစ်ရက်"** ဟူ၍ ရှိကြောင်း၊ အလားတူစာပေအသိပညာမရှိပါက တစ်သက်လုံးအခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့ကြောင့် နေ့စဉ်လူနေမှုဘဝ၌ အခက်အခဲများနှင့် ကြုံတွေ့ရင်ဆိုင်နေရသူများကို မိမိတို့မြင်တွေ့နေကြရပြီး ၎င်းတို့၏လူနေမှုပုံစံပြောင်းလဲတိုးတက်လာစေရေးနှင့်အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေး မိမိတို့အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး**ဟူသည့် နိုင်ငံရေးမျှော်မှန်းချက်နှစ်ခုနှင့် **တိုင်းပြည်သာယာဝပြောရေး**နှင့် **စားရေရိက္ခာဖူလုံရေး**ဟူသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကိုချမှတ်ပြီး ယင်းရည်မှန်းချက်များအောင်မြင်စေရေး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများပေါ်ထွက်လာစေရေးနှင့် အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင်အသိုက်အဝန်းကို ပုံဖော်တည်ဆောက်ပေးရန် မဖြစ်မနေလိုအပ်သည့်အတွက် ပညာရေးမြှင့်တင်ရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်နေခြင်းဖြစ်သည်။

စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာဌာနကြီးတစ်ခုဖြစ်သည်။ စာဖတ်စေရန်နှင့်စာဖတ်အားများတက်လာစေရန်ဆောင်ရွက်ရမည်ဖြစ်သည်။ စာကြည့်တိုက်များတွင် စာဖတ်သူများသည် ငွေကြေးကုန်ကျခံစရာမလိုဘဲ မိမိဖတ်လိုသည့်စာအုပ်များကို အလွယ်ဖတ်ရှုနိုင်သည်။ တစ်ဦးချင်းအသိပညာကြွယ်ဝလာစေရန်အတွက် စာဖတ်ကြရမည်ဖြစ်သည်။ **ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ**ဆိုသည့်အတိုင်း စာဖတ်သူတိုင်းအနေဖြင့် စာကိုဖတ်ရုံသာမကဘဲ မိမိဘဝတစ်သက်တာအတွက်အသုံးဝင်မည့် အကြောင်းအရာများကို မှတ်သားထားရမည်ဖြစ်သည်။

ပညာဆိုသည်မှာ အသက်အရွယ်အပိုင်းအခြားခွဲခြားထားခြင်းမရှိဘဲ စဉ်ဆက်မပြတ်လေ့လာနေရမည့် အရာဖြစ်သည်။ စာဖတ်ခြင်းဖြင့်အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်သည်။ ထိုသို့အသိပညာဗဟုသုတများကြွယ်ဝလာခြင်းဖြင့် ဘဝအတွက်များစွာအကျိုးဖြစ်ထွန်းစေပေမည်။ ထို့ပြင် မိမိဖတ်ရှုထားသည့် အသိပညာဗဟုသုတများကို လူအများသိရှိစေရေးအတွက် ပြန်လည်ဟောပြောပေးခြင်း၊ ဆွေးနွေးပေးခြင်းများ ဆောင်ရွက်မှသာလျှင် ပညာပြန့်ပွားမှုအကျိုးကိုရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် အသိပညာနှီးနှောဖလှယ်ဆွေးနွေးလှုပ်ရှားမှုများကို အပတ်စဉ်အလိုက်၊ လစဉ်အလိုက် ဆောင်ရွက်သွားရန်ကိုလည်း နိုင်ငံတော်အကြီးအကဲကလမ်းညွှန်မှုပြုခဲ့သည်။

ပြည်သူများအသိပညာ၊ အတတ်ပညာများရရှိစေရေးအတွက် ငွေကုန်ကြေးကျအနည်းဆုံးဖြင့် ပညာရရှိစေရေးနှင့်စာအုပ်စာပေများကို သက်သာသည့်ဈေးနှုန်းဖြင့် ဝယ်ယူဖတ်ရှုနိုင်ရေးကိုဆောင်ရွက်နိုင်ခြင်းဖြင့် စာဖတ်သူများ များပြားလာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်ကျေးလက်နေပြည်သူများမှာ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသဖြင့် ကျေးလက်များကိုအကျိုးပြုသည့်စာအုပ်များကို ထုတ်ဝေပေးကြရမည်ဖြစ်သည်။ စာအုပ်စာပေဟူသည် မည်မျှပင်ဟောင်းနေသည်ဖြစ်စေ မဖတ်ရသေးသူများအတွက် အသစ်ပင်ဖြစ်ပြီး အသိပညာအသစ်များကိုရရှိစေမည်ဖြစ်သည်။

စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များနှင့်အလှူငွေများလှူဒါန်းမှုသည် တန်ဖိုးကြီးမားသည့် လှူဒါန်းမှု၊ မွန်မြတ်သည့် အသိပညာစာပေအလှူဖြစ်သည်။ နိုင်ငံသားအားလုံး အသိပညာ၊ အတတ်ပညာနှင့်လူမှုဘဝတိုးတက်စေရေး၊ နိုင်ငံတော်၏နိုင်ငံရေးလုပ်ငန်းစဉ်များ၊ အမျိုးသားရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရာတွင် တစ်ခန်းတစ်ကဏ္ဍမှပါဝင်နိုင်စေရေးအတွက် ကြိုးပမ်းကြရမည်ဖြစ်သည်။ မွန်မြတ်သည့်စာပေအသိပညာလှူဒါန်းမှုများကို ဦးဆောင်နိုင်သူများက ဦးဆောင်၍ နိုင်ငံတစ်ဝန်း၌ မကြာခဏဆောင်ရွက်ပေးမည်ဆိုပါက တိုင်းပြည်အတွက်များစွာအကျိုးရှိစေမည်ဖြစ်သည်။ ဧပြီလ ၁၀ ရက်က ကျင်းပသည့်အခမ်းအနားတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ရင်းတပ်ဖွဲ့ဌာနချုပ်များနှင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြင်ပအလှူရှင်များလှူဒါန်းမှုမှာအလှူငွေကျပ် ၅၆၀၀၈၇၅၀၀ နှင့်သုတ၊ ရသစာအုပ်စာစောင် ၄၈၃၅၇ အုပ်ဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များတွင်တစ်ချိန်တည်း၊ တစ်ပြိုင်တည်းပြုလုပ်သည့် အခမ်းအနားများ၌ လှူဒါန်းမှုမှာငွေကျပ် ၄၂၅၀၇၇၉၅၀ နှင့်သုတ၊ ရသစာအုပ်စာစောင် ၃၀၈၅၄ အုပ်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် **အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်း**ဖြစ်ပေါ်လာရေး ဆောင်ရွက်ချက်များကို မြဝတီသတင်းစာကကြိုဆိုပါကြောင်း ရေးသားလိုက်ရပေသည်။ ။



**နေပြည်တော် ဧပြီ ၁၁**

# အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ(၁/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကျင်းပ

အမျိုးသားရေဥပဒေ ဒုတိယမူကြမ်း အချောသတ်ဆွေးနွေးအတည်ပြုရန်နှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်း ကော်မတီ၏ (၁/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ရေနှင့်ဆက်နွယ်သည့်ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးကော်မတီများမှ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးဗဟိုကော်မတီ၏ (၁/၂၀၂၄) ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးအကြံပြုချက်များ၊ ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏အကြံပြုချက်များကိုပေါင်းစပ်ညှိနှိုင်းကာ အမျိုးသားရေဥပဒေ ဒုတိယမူကြမ်းကို အချောသတ်ရေးဆွဲပြီးဖြစ်၍ ယနေ့အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုသွားမည်ဖြစ်ကြောင်း၊ အတည်ပြုပြီးရရှိလာမည့် အမျိုးသားရေဥပဒေတတိယမူကြမ်းကို ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများထံပေးပို့ကာ အကြံပြုချက်နှင့်သဘောထားမှတ်ချက်များရယူပြီး ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် အဆင့်ဆင့်ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ရေကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါပြီးလိုအပ်ချက်တစ်ခုဖြစ်သည့် အမျိုးသားရေဥပဒေတစ်ရပ်ပေါ်ပေါက်ရေးအတွက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီဝင်များအနေဖြင့်တတ်စွမ်းသမျှ ဆက်လက်ပူးပေါင်းပံ့ပိုးကူညီဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး(၁) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က အမျိုးသားရေဥပဒေမူကြမ်းရေးဆွဲရေးနှင့်စပ်လျဉ်းသည့် နောက်ခံသမိုင်း၊ အမျိုးသားရေဥပဒေဒုတိယမူကြမ်း/ချောနှင့်ရှေ့လုပ်ငန်းစဉ်လျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသားရေဥပဒေ ရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီဝင်များနှင့်တာဝန်ရှိသူများက အမျိုးသားရေဥပဒေဒုတိယမူကြမ်း/ချောအပေါ် ပြင်ဆင်လိုသောအချက်များ၊ ထပ်မံဖြည့်စွက်လိုသောအချက်များ၊ ပြုပြင်လိုသော စကားရပ်များနှင့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြပြီး ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ညှိနှိုင်းဆွေးနွေးအတည်ပြုခဲ့ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

**နေပြည်တော် ဧပြီ ၁၁**

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့်ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**(မိုး/ဇလ)**

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၄ ခုနှစ် ဧပြီလအတွင်း ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS)-Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL - 50 Scential)၊ Aeroqual (Series - 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer - 1941150)၊ (Gas Analyzer - 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင် အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကျန်းမာရေးကို ထိခိုက်စေနိုင် သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | မတ္တရာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၅ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | ကသာမြို့ | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | ဟုမ္မလင်းမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၃ | လဟယ်မြို့ | ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | မြိတ်မြို့ | ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင် | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | လက်ခံနိုင် သော | ကောင်းမွန် |
| | ၂ | သရက်မြို့ | | ကောင်းမွန် | | ကောင်းမွန် | | ကောင်းမွန် |
| ၈ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ဗန်းမော်မြို့ | လက်ခံနိုင်သော | | | ကောင်းမွန် | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | | | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | | ကောင်းမွန် | | | | ကောင်းမွန် |
| | ၂ | တာချီလိတ်မြို့ | ကျန်းမာရေးကို အလွန်ထိခိုက် စေနိုင်သော အဆင့် | | | | | |
| | ၃ | ကျိုင်းတုံမြို့ | ကျန်းမာရေးကို ထိခိုက်စေနိုင် သောအဆင့် | | | | | |
| ၁၂ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

## လေထုအရည်အသွေးညွှန်းကိန်း(Air Quality Index- AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ဧပြီလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်များ

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | |
| ၁။ | အမ်း | ၁၀-၄-၂၀၂၄ | ၄၂.၈ | ၁၀၉.၀ | ၂၃-၄-၂၀၂၀ | ၄၂.၅ | ၁၀၈.၅ | ၂၂ |
| ၂။ | မြိတ် | ၁၀-၄-၂၀၂၄ | ၃၉.၂ | ၁၀၂.၆ | ၂၇-၄-၂၀၀၄ | ၃၉.၀ | ၁၀၂.၂ | ၇၇ |
| ၃။ | ပင်လောင်း | ၁၀-၄-၂၀၂၄ | ၃၃.၅ | ၉၂.၃ | ၉-၄-၂၀၂၄ | ၃၃.၂ | ၉၁.၈ | ၅၇ |

(မိုး/ဇလ)

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ် ၅ ရက်နေ့မှ ၈ ရက်နေ့အထိ (၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇၀၀ အချိန်မှ ည ၁၈၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့.**

# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

ကိုလတ်သည် အောင့်ကို ကမန်းကတန်း ဆွဲထူပြီးရယ်လျက် လှမ်းဖက်လိုက်လေသည်။

အောင်သည် ကိုလတ်၏ကျောပြင်ကို ဖြန်းခနဲရိုက်လိုက်ပြီး. . .

"ကိုလတ် တော်တော်ဆိုးပါလား"

ကိုလတ်သည် တသောသောနှင့် ရယ်မောနေမိပြီး အောင့်ကို ဒုတိယအကြိမ် နမ်းလိုက်ပြန်သည်။

သည့်နောက် ကိုလတ်သည် အောင့်ကို ပြန်လွှတ်ကာ နှစ်ယောက်သား ဣန္ဒြေရရပင် ထိုင်ကြကာ စကားတွေပြောနေကြတော့သည်။

ကိုလတ်သည် ရယ်နေရာမှ သူ့မျက်လုံးတွေသည် အတွေးနှင့်ငေးသွားတာ သူ့အကျင့်လိုပင် ဖြစ်နေတော့သည်။

ပြီးတော့ ကိုလတ်နှင့်အောင်တို့မှာ သမီးရည်းစားဖြစ်လာကြသည့် ဘဝတွင် ထိုနေရာ သည်နေရာလည်းမသွားကြ။

မြင်တွေ့နေကျ "အတွဲ" ပုံစံတွေလိုလည်း မနေမိအောင်ဆင်ခြင်သည်။

ချစ်သူမဖြစ်ခင်တုန်းက တတွဲတွဲ တွဲနေခဲ့သော ကိုလတ်နှင့် အောင်တို့သည် သမီးရည်းစားဘဝရောက်တော့ လွတ်လွတ်လပ်လပ်တွဲရုံပင်။

အောင်ဆိုတာက ဘယ်သူ့ကိုမှ ဂရုမစိုက်တာ။

သို့သော်လည်း သူတို့နှစ်ယောက်စလုံးကို သမီးရည်းစားလို့ ဘယ်သူမှမထင်ရအောင် ဣန္ဒြေရရနေလာကြသည်။

အရင်တုန်းက ချောစုတို့၊ အောင်တို့ စိတ်ကူးယဉ်ခဲ့ကြတဲ့ စံပြစုံတွဲပုံစံမျိုးပဲ။

ရုပ်ရှင်ကြည့်လျှင်ပင် ကိုလတ်သည် ချောစုနှင့် ဆန်းဆန်းမြင့်ပါ ခေါ်ပြတတ်ပြီး သူကတော့ အမြဲလိုပင် ကိုအောင့်ကို ခေါ်လာတတ်သည်။

ကိုအောင်နှင့် သူကလည်း ခွဲလို့က သိပ်မရတတ်ဘူးတဲ့။

> "အောင်သည် နေ့စဉ်မှတ်တမ်းတွင် ရေးစရာတွေများလာသောအခါ သူ့ဒိုင်ယာရီစာအုပ်တွင် နေ့စွဲစာမျက်နှာတွေအတိုင်းမရေးတော့ဘဲ မှတ်တမ်းရှည်ကြီးပမာ တောက်လျှောက်ရေးလာခဲ့လေသည်။
>
> ကျောင်းတွေ ခဏခဏပိတ်လိုက်၊ ဖွင့်လိုက်ဖြစ်ဖြစ်နေလို့ အိမ်ကိုမပြန်တော့ဘူး။ ဘကြီးနေတဲ့ထောက်ကြန့်က အိမ်မှာပဲပြန်နေတော့တယ်။ အခုတစ်လော ကိုလတ်ရော၊ ကိုအောင်ရော သိပ်အလုပ်များနေတာကြောင့်မို့လို့ မတွေ့ရတာတောင် တော်တော်ကြာနေပြီ. . ."

ရုပ်ရှင်ကြည့်လျှင် သူတို့နှစ်ယောက်က အမြဲပင်တွဲကြည့်နေကျ။

ချောစုတို့က ကွယ်ရာတွင်. . .

"မိန်းမလည်း နှစ်ယောက်တွဲယူလိုက်ကြပေါ့" ဟု အောင့်ကို နောက်ပြောင်နေကြသေးသည်။

စုစုပြီး ရုပ်ရှင်ကြည့်ကြပြန်တော့လည်း ရုပ်ရှင်ရုံထဲကျ အောင်က တစ်ခါတလေ ကိုအောင်နှင့်တွဲလျက် ထိုင်မိလျှင် ထိုင်မိတတ်ပြီး ကိုလတ်က ချောစုကိုဖြစ်စေ၊ ဆန်းဆန်းမြင့်ကိုဖြစ်စေ တွဲမိလျှင် တွဲမိသွားသည်။

သည်ရည်ရွယ်ချက်မျိုး တစ်ခုတည်းနဲ့ တွဲနေရင် လမ်းပေါ်မှာ ပျော်ပါးနေကြတဲ့ ခွေးသတ္တဝါတွေနဲ့ ဘာထူးသေးသလဲ။

ချစ်သူတွေ ဖြစ်ပြီးခါစပေ့ါ။

ရုံထဲ နှစ်နာရီခွဲအချိန်တစ်ချိန်လုံး နီးနီးကပ်ကပ်ထိုင်နေကြတာပဲ။

ကိုလတ်ကလည်း အောင့်ကို ရှက်တတ်သူမို့ တကယ့်မောင်နှမရင်းနှစ်ယောက် ထိုင်ကြည့်နေသလို ကြည့်ခွင့်ရခဲ့တယ်။

ရင်ထဲမှာ သိပ်ကြည်နူးတာပဲ။

ကိုလတ်ကို လေးစားတယ်၊ ကျေးဇူးလည်းတင်တယ်။

ပြီးတော့ ပိုလည်းချစ်လာတယ်။

**အခန်း(၂၈)**

အောင်သည် နေ့စဉ်မှတ်တမ်းတွင် ရေးစရာတွေများလာသောအခါ သူ့ဒိုင်ယာရီစာအုပ်တွင် နေ့စွဲစာမျက်နှာတွေအတိုင်း မရေးတော့ဘဲ မှတ်တမ်းရှည်ကြီးပမာ တောက်လျှောက် ရေးလာခဲ့လေသည်။

ကျောင်းတွေ ခဏခဏပိတ်လိုက်၊ ဖွင့်လိုက်ဖြစ်ဖြစ်နေလို့ အိမ်ကိုမပြန်တော့ဘူး။ ဘကြီးနေတဲ့ထောက်ကြန့်က အိမ်မှာပဲ ပြန်နေတော့တယ်။ အခုတစ်လော ကိုလတ်ရော၊ ကိုအောင်ရော သိပ်အလုပ်များနေတာကြောင့်မို့လို့ မတွေ့ရတာတောင် တော်တော်ကြာနေပြီ။ စာတော့ အဆက်အသွယ်ရှိကြတယ်၊ ကိုလတ်က သိပ်စေ့စပ်တာပဲ။ သူ့စာတွေကို နံပါတ်တပ်တပ်ပြီး ရေးတတ်တယ်။ ဖိုင်တွဲရတာလွယ်တယ်။ စာတစ်စောင်တစ်စောင်ကို Writing Pad မှာ သူ့လက်ရေးသေးသေးစိပ်စိပ်လေးတွေနဲ့ စာမျက်နှာနှစ်ဆယ်အစိတ်လောက်ရှိတယ်။ ငါ့ဆီကို သူရေးတဲ့စာတွေကို ဘယ်သူမဆိုဖတ်လို့ရတယ်။ နိုင်ငံရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ဒဿနိကတွေနဲ့ တကယ့်ဆောင်းပါးရှည်ကြီးတွေ ဖတ်ရသလိုပဲ၊ ဒါပေမဲ့ ကိုလတ်က စကားပြောကောင်းသလို စာရေးကောင်းလို့လားမသိဘူး၊ သူ့စာတွေဖတ်ရတာ မငြီးငွေ့ပါဘူး၊ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ချောစုကတော့ "ဒါ ရည်းစားစာလား" လို့နောက်နေတယ်။

လမ်းတွေအားလုံးဟာ ရောမမြို့ဘက်ကို ညွှန်နေကြတယ်။ နောက်ဆုံး အဆုံးသတ်နိဂုံးမှာ ကာသေ့(ဂျ်) (Carthage) ကတော့ မလွဲသာမရှောင်သာဖျက်ဆီးပစ်ရမှာပဲဆိုတာ လီနင်ရဲ့စာတမ်းတစ်စောင်ထဲကထုတ်ပြီး ရေးထားတာတွေလည်း စာထဲထည့်ရေးထားတယ်။ All road led to Rome. It should lead to the corclusion that Carthage must be destroyed. တဲ့။

ကျား-မ ပြဿနာရေးရာတွေမှာ နစ်မြုပ်နေတတ်တဲ့ လူစားမျိုးတွေကို ကျွန်တော်စိတ်မချဘူးလို့ လီနင်က ပြောဖူးသတဲ့။ ကိုလတ်စာကိုဖတ်ရတဲ့ ကိုအောင်တောင် မူလအင်္ဂလိပ်ဘာသာနဲ့ရေးထားတဲ့ I mistrust those Who are always absorbed in the sex problems လို့ပြောပြလို့ မှတ်မှတ်ရရမှတ်သားခဲ့တယ်။ သူတို့နှစ်ယောက်ဟာ တကယ့်အမြွှာပူးညီအစ်ကိုလိုပဲ တစ်ယောက်သိတာကို တစ်ယောက်သိနေတတ်လို့ အံ့ဩနေမိတယ်။ စာတစ်အုပ်ကို ဖတ်ရုံတင်မကဘူး၊ နှစ်ယောက်သား ကျေညက်အောင် အမြဲဆွေးနွေးနေပုံရကြတယ်။ တစ်ညနေက ကိုလတ်တစ်ယောက် ပင်ပန်းပြီး ပန်းဖျားဖျားနေလို့ ကိုအောင်တစ်ယောက်တည်း အိမ်ကိုလာလည်တယ်။ သူနဲ့အတူ ကိုလတ်ရဲ့စာပါ ပါလာခဲ့တယ်။ ကိုလတ်ရဲ့စာကို ကိုအောင့်ရှေ့မှာပဲဖတ်ခဲ့တယ်။

ဆက်လက်ဖော်ပြပါမည်။

ကျောက်ဆည်၊ စိုက်ပျိုးရေး

## ကျောက်ဆည်မြို့နယ်၌ နွေနှမ်း ၃၀၅၆၂ ဧက လျာထားစိုက်ပျိုးလျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဆည်၊ ကန်၊ တူးမြောင်းများအလိုက် နွေနှမ်း ၃၀၅၆၂ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



နွေနှမ်းစိုက်ပျိုးရာတွင် ဇော်ဂျီဆည်ရေသောက်စနစ် မင်းရဲမြောင်းရေဖြင့် ၁၈၈၆ ဧက၊ သင်းတွဲမြောင်းရေဖြင့် ၂၉၄၆ ဧက၊ ငပြောင်မြောင်းရေဖြင့် ၂၃၃၄ ဧက၊ ဇီးတောမြောင်းရေဖြင့် ဧက ၄၂၀၊ နွားတက်မြောင်းရေဖြင့် ၁၁၂၁၃ ဧက၊ တမုတ်မြောင်းရေဖြင့် ၃၉၄၄ ဧက၊ အထက်လင်းဇင်းမြောင်းရေဖြင့် ဧက ၆၅၀၊ ကင်းတားဆည်ရေသောက်စနစ် သင်းဒီးမြောင်းရေဖြင့် ၄၅၅၉ ဧက၊ ထုံးကြီးမြောင်းရေဖြင့် ဧက ၂၈၀၊ စမာမြောင်းရေဖြင့် ဧက ၂၃၃၀ စုစုပေါင်း ၃၀၅၆၂ ဧက လျာထားစိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် နွေနှမ်းစိုက်ပျိုးရာတွင် ကြဲပက်စနစ်၊ တန်းဆွဲစနစ်၊ ဘောင်စနစ်များဖြင့် စိုက်ပျိုးကြပြီး နှမ်းစိုက်ပျိုးခြင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့်ပူးပေါင်းပြီး သီးနှံများအောင်မြင်ဖြစ်ထွန်းရေး ဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်းသော မျိုးစေ့များ စိုက်ပျိုးစေပြီး စိုက်နည်းစနစ်များ၊ အပင်ပြုစုရေးနည်းလမ်းများနှင့် သွင်းအားစုများ စနစ်တကျထည့်သွင်းရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

တောင်တွင်းကြီး၊ လူမှုရေး

## အင်္ဂလိပ်စာ 4 Skills သင်တန်း အခြေခံပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်ခဲ့သော အင်္ဂလိပ်စာ 4 Skills သင်တန်း၊ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီလ ၁၀ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ ကျောင်းပညာတွင် အထောက်အပံ့ဖြစ်စေရန် ပညာဒါနသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းနှင့် မိမိတို့အချိန်ပေး တက်ရောက်သင်ယူခဲ့ရသည့် ပညာရပ်များကို အမြဲလေ့လာနေရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ဂါရဝပြုလက်ဆောင်များ ပေးအပ်ပြီးနောက် ခါနွေဆန်းစ တပေါင်းလ ပန်းချီ ပြိုင်ပွဲ၊ ခါသင်္ကြန်ပွဲတော် တူ့နွဲပျော် ပန်းချီပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်ပွဲတော် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ရန်နောင်စိုး(ပြန်/ဆက်)**

ရန်ကုန်၊ ပညာရေး

## ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ခရီးသွားလုပ်ငန်းဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်း ဖွင့်လှစ်သင်ကြားရန်စီစဉ်

ရန်ကုန်အဝေးသင်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ပထဝီဝင်ဌာနမှ ကြီးမှူး၍ ခရီးသွားလုပ်ငန်းဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းကို တတိယအကြိမ်မြောက်အဖြစ် အွန်လိုင်းမှ ဖွင့်လှစ်သင်ကြားရန်စီစဉ်ထားကြောင်း ရန်ကုန်အဝေးသင်တက္ကသိုလ် ပထဝီဝင်ဌာနမှ သိရသည်။

ထိုသို့ဖွင့်လှစ်မည့် Post Graduate Diploma in Geography of Tourism (PGDGT) သင်တန်းကို မေလ ၂၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ယခုအခါ သင်တန်းတက်ရောက်လိုသူများအနေဖြင့် ရန်ကုန်အဝေးသင်တက္ကသိုလ်၏ https://geog.hrd.yude.edu.mm ဝက်ဘ်ဆိုက်မှတစ်ဆင့် စတင်လျှောက်ထားနိုင်ပြီဖြစ်ကာ ဧပြီလ ၂၅ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။


"ဒီသင်တန်းက အစိုးရဌာနနဲ့ ပုဂ္ဂလိကလုပ်ငန်းနှစ်ခုစလုံးမှာ အလုပ်လုပ်နေတဲ့သူတွေကို ခရီးသွားလုပ်ငန်းဆိုင်ရာ မဟာဗျူဟာနဲ့ပတ်သက်ပြီး အသိပညာပေးနိုင်ဖို့အတွက် ရည်ရွယ်ဖွင့်လှစ်တာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ပထဝီအနေအထားနဲ့လည်း ဆက်စပ်မှုရှိပါတယ်။ အဲဒါကြောင့် နိုင်ငံတော်ရဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒီခရီးသွားလုပ်ငန်းဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဖွင့်လှစ်ပို့ချလာတာ အခုဆိုရင် တတိယအကြိမ်မြောက်ရှိပြီဖြစ်ပါတယ်"ဟု ရန်ကုန်အဝေးသင်တက္ကသိုလ် ပထဝီဝင်ဌာန ဌာနမှူး ဒေါက်တာမောင်မောင်ညွန့်ကပြောသည်။

အဆိုပါ ဘွဲ့လွန်ဒီပလိုမာသင်တန်း တက်ရောက်ရန် လျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများဖြစ်ရန်လိုအပ်ပြီး အစိုးရဌာနများနှင့် NGO အဖွဲ့များမှ ဘွဲ့ရဝန်ထမ်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများမှ ဘွဲ့ရဝန်ထမ်းများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသောဘွဲ့ရသူများနှင့် ဘွဲ့ရ Tourist guide များ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းသည် တစ်နှစ်သင်တန်းဖြစ်ပြီး သင်တန်းသားဦးရေ ကန့်သတ်ထားကာ သင်တန်းတက်ရောက်ခွင့်ရသူများအား E-mail ဖြင့် အကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၁-၅၂၅၈၁၅၊ ၀၁-၂၃၀၅၉၃၈ နှင့် ၀၉-၄၂၀၁၇၁၅၆၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

မိုးလေဝသ သတင်း




| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၀ | ၃၄ |
| ရှမ်း(မြောက်) | ၁၈ | ၃၇ |
| ရှမ်း(အရှေ့) | ၀၇ | ၃၇ |
| ရှမ်း(တောင်) | ၁၅ | ၃၄ |
| ချင်း | ၁၅ | ၃၀ |
| စစ်ကိုင်း(အထက်) | ၂၂ | ၃၈ |
| စစ်ကိုင်း(အောက်) | ၂၅ | ၄၂ |
| နေပြည်တော် | ၂၅ | ၃၉ |
| မန္တလေး | ၂၈ | ၄၀ |
| မကွေး | ၂၄ | ၄၂ |
| ရခိုင် | ၂၂ | ၃၅ |
| ပဲခူး | ၂၂ | ၄၀ |
| ရန်ကုန် | ၂၃ | ၄၀ |
| ဧရာဝတီ | ၂၄ | ၃၉ |
| ကယား | ၂၀ | ၃၉ |
| ကရင် | ၂၃ | ၄၀ |
| မွန် | ၂၃ | ၃၉ |
| တနင်္သာရီ | ၂၄ | ၃၈ |

ပူတာအို၊ လူငယ်ရေးရာ

## ပူတာအိုခရိုင် လူထုအခြေပြုဗဟိုဌာန၌ ဟောပြောပွဲ စာဖတ်စွမ်းရည်နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ




ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဧပြီလ ၁၀ ရက်က ကျောင်းသား၊ ကျောင်းသူများ အားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် နှုတ်မှုစွမ်းရည်များမြင့်မားလာစေရန်ရည်ရွယ်၍ ဟောပြောပွဲ၊ စာဖတ်စွမ်းရည်နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သူဇာက လမြတ်တန်ခူး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး ကဗျာရွတ်ဆိုပြိုင်ပွဲတွင် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးက ဆရာဇော်ဂျီ၏ကဗျာများဖြစ်သည့် သင်္ကြန်မိုး၊ သင်္ကြန်လက်ဆောင်၊ သင်္ကြန်အခါ၊ အတာသင်္ကြန်ခေါင်းစဉ်များဖြင့်လည်းကောင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးတို့က ဧပြီလ ၈ ရက်ထုတ် ကြေးမုံ သတင်းစာပါ အယ်ဒီတာ့အာဘော်မှ ၁၂ လရာသီကူးသာယာကြည်နူးနှစ်သစ်ဦး ခေါင်းစဉ်ဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် အကဲဖြတ်အမှတ်ပေးဒိုင်များက ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲ၊ မူးယစ်ဆေးဝါး၊ သဘာဝဘေးနှင့်ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်၊ စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

ကျိုက်လတ်၊ စီးပွားရေး

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရံ့ပိဿာချိန် ၇၅၀၀၀ အထိ တင်ပို့ရောင်းချ

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရံ့ပိဿာချိန် ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သူဇာ၏ ပြောကြားချက်အရ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဖေဖော်ဝါရီလအတွင်းက ငါးရံ့ပိဿာချိန် ၅၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငါးရံ့ပိဿာချိန် ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ပါတယ်။ မတ်လ ၁ ရက်ကနေ ၃၁ ရက်အထိ ငါးရံ့ပိဿာချိန် ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ငါးရံ့က အသားများတဲ့ ငါးအမျိုးအစားပါ။ ပြည်တွင်းမှာတင် အဝယ်လိုက်နေပါတယ်" ဟု ဒေါ်သူဇာကပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၂၅၀၀၀၊ ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၉၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၀ အထိ ဈေးရရှိကြောင်း၊ အဆိုပါဒေသ၌ ငါးရံ့မွေးမြူရေးလုပ်ငန်းများနှင့် သဘာဝအတိုင်း ချောင်း၊ မြောင်းများမှ ရှာဖွေဖမ်းဆီးရရှိသည့် ငါးရံ့များထွက်ရှိကြောင်း သိရသည်။

**သုတကျော်**

ကျောက်ဖြူ၊ အသိပညာပေး

## လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေး လူငယ်ရေးရာ အသိပညာပေးဟောပြော

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဧပြီလ ၉ ရက်က ကျောက်ဖြူမြို့ရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ယုယုနွယ်က ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့ ဟူသည့်ဆောင်ပုဒ်အတိုင်း လူငယ်များအနေဖြင့် အသိပညာဗဟုသုတများရရှိစေမည့် စာအုပ်၊ စာစောင်များကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ အခမဲ့ငှားရမ်းဖတ်ရှုနိုင်ကြောင်း၊ ယင်းသို့ စာအုပ်များ လာရောက်ငှားရမ်းဖတ်ရှုခြင်းဖြင့် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုများရှိလာပြီး အသိပညာဗဟုသုတများလည်း တိုးပွားလာမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျောက်ဖြူခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန၌ ပြိုင်ပွဲများ၊ သင်တန်းများနှင့် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါသင်တန်းများကို အခမဲ့တက်ရောက်နိုင်ကြောင်းနှင့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြစေရန် တိုက်တွန်းလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

နေပြည်တော် ဧပြီ ၁၁

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပထမအကြိမ် စုပေါင်းရဟန်းခံ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပထမအကြိမ် စုပေါင်းရဟန်းခံ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရတနာစံပရိယတ္တိစာသင်တိုက်တွင်ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန် ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဥပဇ္ဈာယ်ဆရာတော်မှ ရဟန်းလောင်းများအားသိမ်ဝင်၍ ရဟန်းအဖြစ် သွတ်သွင်းချီးမြှင့်ပြီး သိမ်ဆင်းဆရာတော်နှင့် သံဃာတော်တို့အား တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများဖြင့် သိမ်ဆင်းလောင်းလှူကြသည်။

ထို့နောက် နေပြည်တော် ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာစံပရိယတ္တိစာသင်တိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်သော ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုနှင့်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး တက်ရောက်လာကြသူများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးသည်။ ယနေ့ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပထမအကြိမ် စုပေါင်းရဟန်းခံ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားတွင် ရဟန်းကိုးပါး၊ သီလရှင်သုံးပါး၊ စုစုပေါင်း ၁၂ ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့ကြောင်း သိရသည်။



**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၁၁

# ပျဉ်းမနားမြို့ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကန်ပတ်ဝန်းကျင်သာယာလှပရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနကြီးမှူးများ၊ တာဝန်ရှိသူများ၊ ပျဉ်းမနားမြို့မှ မြို့မိမြို့ဖများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာ ရှမ်းကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကန်ပတ်ဝန်းကျင်သာယာလှပရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာနေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် ကန်တော်မင်္ဂလာ ရှမ်းကန်မြောက်ဘက် ဗိုလ်တောက်ထိန်လမ်းဘေးရှိ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လျှောက်လမ်းဘေးနှင့်ပန်းခုံများကြား မြေကွက်လပ်တွင် အလှမြက်ခင်းများ စိုက်ပျိုးရန်နှင့် ကန်ပတ်ဝန်းကျင်သာယာလှပရေးလုပ်ငန်းများဆောင်ရွက်ထားရှိရန်၊ ကန်တော်မင်္ဂလာရှမ်းကန်အတွင်း ရေလယ်ဘုရားကျောင်းဆောင်နှင့် ရှင်ဥပဂုတ္တကျောင်းဆောင်တည်ဆောက်ခြင်းလုပ်ငန်းတွင် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသော မြန်မာမှုလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကန်တော်မင်္ဂလာရှမ်းကန်တောင်ဘက်တွင် ကျောက်ထိုင်ခုံများ နေရာချထားမှု၊ သန့်ရှင်းသာယာလှပရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ကန်ပတ်လည်တွင် ရာသီမရွေးပွင့်လန်းစေပြီး ရနံ့မွှေးပျံ့သည့် အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေကန်အတွင်းနှင့် ကန်ပတ်ဝန်းကျင်ကို အမြဲမပြတ်သန့်ရှင်းစေရေး စနစ်တကျဆောင်ရွက်ရန်၊ မြို့အင်္ဂါရပ်နှင့်အညီ ကျူးကျော်များမရှိစေရေးနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အကျိုးသက်ရောက်မှုရှိစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့မှာကြားကာ ပျဉ်းမနားမြို့မှ မြို့မိမြို့ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



## “မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆန်း (၅)ရက်နေ့မှ (၈)ရက်နေ့အထိ (၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ”

(၁) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်-

- (က) မူးယစ်သောက်စားယာဉ်မမောင်းရ။
- (ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
- (စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍မောင်းနှင်ခြင်းမပြုရ။
- (ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗိုးတက်)မပါဘဲ မမောင်းရ။
- (ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။
- (ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
- (ည) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်းလုံးဝမပြုရ။
- (ဋ) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့်ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

(၂) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(၃) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(၄) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

(၅) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့်ရိုက်ကူးပြီး ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(၆) “သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်”

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

ရန်ကုန် ဧပြီ ၁၁

# CHID Bank တွင် သတ်မှတ်ပမာဏပြည့်မီစွာ စုဆောင်းထားရှိသူများ အောင်မြင့်မိုရ်အိမ်ရာအခန်းကို အတိုးနှုန်း သက်သာသောနှစ်ရှည်အိမ်ရာချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်



CHID Bank ၏ အိမ်ရာစုဆောင်းငွေစာရင်း (Housing Savings Account) တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ သတ်မှတ်ပမာဏပြည့်မီအောင် စုဆောင်းထားရှိသူများအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ရောင်းချမည့် အောင်မြင့်မိုရ်အိမ်ရာရှိ ၁၀၄ ခန်းကို အတိုးနှုန်းသက်သာသော နှစ်ရှည်အိမ်ရာချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်ကြောင်း အဆိုပါဘဏ်က အသိပေးထားသည်။

ထိုသို့ဝယ်ယူရန်အတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ " DUHD Sale Housing " Facebook Page Messenger တွင် အဆိုပြု စာရင်းပေးသွင်းရမည်ဖြစ်ကြောင်းသိရသည်။

**အသိပေးကြေညာ**

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ အိမ်ရာစုဆောင်းငွေစာရင်းတွင် သတ်မှတ်ပမာဏပြည့်မီစွာ စုဆောင်းထားရှိသူများအား ပြည့်မီသည့်ရက်စွဲအလိုက် တန်းစီဇယားအမှတ်စဉ် ( Seniority List) ကို "DUHD Sale Housing Facebook" Page တွင် ပူးတွဲဖော်ပြထားကာ ရောင်းချမည့်အိမ်ရာ၏ အချက်အလက်များနှင့်စာရင်းပေးသွင်းရမည့် အစီအစဉ်ကိုလည်းအဆိုပါ Facebook Page တွင် ဖော်ပြထားသည်။ အခန်းဝယ်ယူလိုကြောင်း အဆိုပြုစာရင်းပေးသွင်းပြီးပါက တန်းစီဇယားအမှတ်စဉ်အလိုက် ဝယ်ယူခွင့်ရရှိသူများ၏စာရင်းကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြန်လည်အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ စာရင်းပေးသွင်းရာတွင် အခက်အခဲတစ်စုံတစ်ရာရှိပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဖုန်း ဝ၆၇-၃၄၀၇၅၂၇၊ ဝ၉-၇၉၅၈၂၄၇၂၂ နှင့် CHID Bank ၏ ဖုန်း ဝ၁- ၈၃၇ဝ၁၂၄၊ ဝ၁-၈၃၇ဝ၁၂၅ နှင့်Call Center ဖုန်း ဝ၉-၄ဝ၁ဝ၁ဝ၈ဝ၁ဝ၊ ဝ၉-၄ဝ၁ဝ၁ဝ၈၂ဝ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးထားသည်။

MT

ရန်ကုန် ဧပြီ ၁၁

# ရန်ကုန်-မော်လမြိုင် အစုန်၊ အဆန် ရထားနှစ်စင်းပြေးဆွဲခြင်းကို ယာယီရပ်နားထား လက်မှတ်ခငွေများကို ပြန်အမ်းပေးနေပြီး လမ်းအမြန်ဆုံးပွင့်စေရန် ဆောင်ရွက်လျက်ရှိ



ရန်ကုန်-မော်လမြိုင် အစုန်၊ အဆန် ရထားနှစ်စင်းပြေးဆွဲခြင်းကို ယာယီရပ်နားထားပြီး လက်မှတ်ခငွေများကို ပြန်အမ်းပေးနေကြောင်း မော်လမြိုင်ဘူတာကြီးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မော်လမြိုင်-ရန်ကုန်ရထားလမ်းပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူများ၏ လက်ချက်ကြောင့် အမှတ် ၆၈၆ အစုန်ကျောက်ရထားသည့် သိမ်ဆိပ်ဘူတာနှင့် ဒုံးဝန်းဘူတာကြားတွင် မိုင်းထိကာ လမ်းပိုင်းပိတ်ဆို့မှုဖြစ်ပြီးနောက် တာဝန်ရှိသူများက လမ်းအမြန်ဆုံးပွင့်စေရန် ဆောင်ရွက်နေကြောင်းလည်းသိရသည်။

ထို့ကြောင့် ဧပြီလ ၁၁ ရက် မော်လမြိုင်ဘူတာကြီးမှ ထွက်ခွာမည့် အမှတ် ၈၂ အစုန် မော်လမြိုင်-ရန်ကုန်ရထားနှင့် သကြၤန်အစုန်အထူး မော်လမြိုင်-ရန်ကုန်ရထားခရီးစဉ်နှင့်ရန်ကုန်ဘူတာကြီးမှ ထွက်ခွာမည့်အမှတ် ၈၁ အဆန် ရန်ကုန်-မော်လမြိုင်ရထားနှင့် သကြၤန်အဆန်အထူး ရန်ကုန်-မော်လမြိုင် ရထားခရီးစဉ်များအား ယာယီဖျက်သိမ်းမည်ဖြစ်ကြောင်း အဆိုပါဘူတာကြီးမှ သိရသည်။

ဧပြီလ ၁၁ ရက်အတွက် ဝယ်ယူထားသောအထက်တန်း/ရိုးရိုးတန်း လက်မှတ်ခငွေများအား မော်လမြိုင်ဘူတာကြီး နေ့ချင်းလက်မှတ်ရုံတွင် နံနက် ၆ နာရီမှ စ၍ နံနက်ပိုင်း ၁ဝနာရီအထိ ပြန်အမ်းငွေပေးသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

"ခရီးစဉ်ဖျက်သိမ်းတဲ့ လက်မှတ်ခငွေတွေကို ဒီနေ့ဖျက်သိမ်းရင် ဒီနေ့ပြန်အမ်းတယ်။ မနက်ဖြန်ဖျက်သိမ်းတယ်ဆိုရင် မနက်ဖြန် ပြန်အမ်းတယ်။ ဘယ်နေ့အထိ ဖျက်သိမ်းမယ်ဆိုတဲ့ ရက်အတိအကျတော့ မရှိဘူး။ ရထားလမ်းပြင်ပြီး ပြန်ကောင်းသွားရင် ပြန်ကောင်းသွားတဲ့နေ့ထွက်ပါမယ်"ဟု မော်လမြိုင်ဘူတာကြီးမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ပိတ်ဆို့နေသော လမ်းပိုင်းအား မြန်မာ့မီးရထားတာဝန်ရှိသူများမှ လမ်းပိုင်းအမြန်ဆုံးပြန်လည်ဖွင့်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ရထားပြန်လည်ပြေးဆွဲနိုင်မည့်ရက်အား အချိန်နှင့်တစ်ပြေးညီ ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း မော်လမြိုင်ဘူတာကြီးမှ အသိပေးကြေညာထားသည်။

MT

ရန်ကုန် ဧပြီ ၁၁

# မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) မဟာသင်္ကြန်အကြို အလှူပွဲကျင်းပ

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှစ်သစ်ကူးမဟာသင်္ကြန်အကြို အလှူတော်မင်္ဂလာအခမ်းအနားနှင့် စတုဒိသာလှူဒါန်းခြင်းကို ဧပြီလ ၁ဝ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ရှိ အဏ္ဏဝါမွှောရုံ၌ ကျင်းပသည်။

ရှေးဦးစွာ သံဃာတော်များထံမှ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) နာယကကြီးများနှင့် ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးစီးသည့် အသင်းသား၊ အသင်းသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စတုဒိသာအလှူအဖြစ် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးများအား နေ့လယ်စာထမင်းနှင့် အချိုရည်ဘူးများ၊ ရေသန့်ဘူးများလှူဒါန်းကြသည်ဟု သိရသည်။ **လင်းခန့်**

နေပြည်တော် ဧပြီ ၁၁

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

နေပြည်တော် ဧပြီ ၁၁

# နိုင်ငံရေးအကျဉ်းသားကို ထောင်ဝန်ထမ်းများက ဝိုင်းဝန်းရိုက်နှက်ပြီး သေဆုံးသွားကြောင်း မဟုတ်မမှန်သတင်းများဖော်ပြ

မြင်းခြံဗဟိုအကျဉ်းထောင်တွင် အသက် ၂၂ နှစ်အရွယ် နိုင်ငံရေးအကျဉ်းသား နိုင်ဝင်းထွန်းကို ထောင်ဦးစီးမှူးနှင့် ထောင်ဝန်ထမ်းများက ဝိုင်းဝန်းရိုက်နှက်ပြီး ၅ ရက်အကြာတွင် သေဆုံးသွားကြောင်း Khit Thit အမည်ခံ Facebook Page တွင် မဟုတ်မမှန်သတင်းများဖော်ပြထားသည်ကို တွေ့ရသည်။

မြင်းခြံဗဟိုအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ခုခုကိုချိုးဖောက်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အကျဉ်းသား နိုင်ဝင်းထွန်း (ခ)ဖားပြုတ် (ဘ)ဦးစန်းမောင်သည် အများပြည်သူ၏လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်တို့ကို ပြင်းထန်စွာထိခိုက်စေမှု၊ အများပြည်သူထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်ပေါ်စေသည့် အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်ခဲ့သဖြင့် အကြမ်းဖက်ပုဒ်မ-၅ဝ(က) ဖြင့် ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ချမှတ်ခံရသူဖြစ်သည်။

ဖြစ်စဉ်အားစိစစ်ရာ မတ်လ ၁၂ ရက်တွင် မြင်းခြံဗဟိုအကျဉ်းထောင်၌ အကျဉ်းသားအချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်း၊ ဝန်ထမ်းများမှ အကျဉ်းသားများအား ရိုက်နှက်ခြင်းမရှိဘဲ အကျဉ်းသားများပြစ်မှုကျူးလွန်ပါက အကျဉ်းထောင်လက်စွဲဥပဒေပါအတိုင်း လျှော့ရက်ဖြတ်တောက်ခြင်း၊ တိုက်ပိတ်ပြစ်ဒဏ်အပါအဝင် တာဝန်ခံအရာရှိ၏ ခွင့်ပြုမိန့်ဖြင့်သာ အပြစ်ပေးလျက်ရှိကြောင်း သိရသည်။

အကျဉ်းသား နိုင်ဝင်းထွန်း(ခ)ဖားပြုတ်သည် အကျဉ်းထောင်ပြင်ပ၌ကပင် လေးဖက်နာကဲ့သို့ အဆစ်အမျက်များရောင်ရမ်းခြင်း၊ ခန္ဓာကိုယ်ဖောခြင်း၊ အဆုတ်ပွခြင်းများရှိကြောင်း၊ အကျဉ်းထောင်ဆေးခန်းတွင် ဆရာဝန်များက အနီးကပ်ကြီးကြပ်မှုဖြင့် ကုသပေးခဲ့ပြီး ချောင်းဆိုးစဉ် သွေးပါလာခြင်း၊ အသက်ရှူမဝခြင်း၊ မောကျပ်ခြင်းများရှိသဖြင့် မတ်လ ၁၆ ရက် နံနက် ၁ဝ နာရီ ၄၅ မိနစ်တွင် မြင်းခြံပြည်သူ့ဆေးရုံကြီးသို့ အကျဉ်းထောင်အစီအစဉ်ဖြင့် ပို့ဆောင်ဆေးဝါးကုသခဲ့သော်လည်း မတ်လ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရောဂါဖြင့် သေဆုံးသွားခြင်းဖြစ်ကြောင်း မြင်းခြံဗဟိုအကျဉ်းထောင်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် သေဆုံးအကျဉ်းသား နိုင်ဝင်းထွန်း(ခ)ဖားပြုတ်၏ရုပ်အလောင်းအား မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီး၌ ရင်ခွဲစစ်ဆေးချက် ဆေးမှတ်တမ်းအရ သေဆုံးသည့်ရောဂါမှာ နှလုံးသွေးအားနည်းခြင်းကြောင့် သွေးလည်ပတ်မှုမမှန်သဖြင့် အဆုတ်သွေးကြောများအတွင်း သွေးအရည်များစုနှောင်ခြင်းကြောင့် သေဆုံးခြင်းသာဖြစ်ပြီး ပယောဂတစ်ခုခုကြောင့် သေဆုံးခြင်းမဟုတ်သဖြင့် Khit Thit အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူများထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံဖန်တီးရေးသား ဖော်ပြ ထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**အေးပြည့်**

# အပူလျှပ်ခြင်းအကြောင်း သိကောင်းစရာအဖြာဖြာ

> "Heat Stroke ဖြစ်ပါက အပူအအေး ရုတ်ခြည်းပြောင်းလဲသွားသည့်အတွက် အပူဒဏ်ကြောင့် ခန္ဓာကိုယ်ထဲရှိ သွေးကြောများ ကျယ်သွားခြင်း၊ အအေးဒဏ်ကြောင့် ခန္ဓာကိုယ်ထဲရှိသွေးကြောများ ကျုံ့သွားခြင်း စသည့် သွေးစီးကြောင်း အကျဉ်းအကျယ်ဒဏ်ကိုခံစားရကာ သတိလစ်ခြင်းကိုဖြစ်စေသည်။ ပြင်းထန်သောအခြေအနေတွင် သွေးကြော အကျဉ်းအကျယ်ဒဏ်ကို မခံစားနိုင်တော့ဘဲ သွေးကြောကြီးများ အက်ကွဲလာကာ သွေးကြောငယ်လေးများ ပြတ်ထွက်သည်အထိ ဖြစ်စေနိုင်သည်. . ."

ယခုအချိန်ကာလသည် အလွန်ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလဖြစ်သည့်အားလျော်စွာ နေ့အပူချိန်များလည်း မြင့်တက်လျက်ရှိသည်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဧပြီလ ၄ ရက်က ထုတ်ပြန်ချက်အရ ထူးခြားသည့် နေ့အပူချိန်များအဖြစ် ချောက်မြို့၌ ၄၅ ဒီဂရီဆဲလ်စီးရပ်စ်၊ ညောင်ဦးမြို့နှင့် မင်းဘူးမြို့တို့၌ ၄၄ ဒီဂရီဆဲလ်စီးရပ်စ်၊ စစ်ကိုင်းမြို့၊ မြင်းခြံမြို့၊ တံတားဦး (လေကြောင်းမိုးလေဝသ)၊ မကွေးမြို့နှင့် တောင်တွင်းကြီးမြို့တို့၌ ၄၃ ဒီဂရီဆဲလ်စီးရပ်စ် အသီးသီးရှိကြောင်း သိရသည်။

**အပူချိန်မြင့်တက်လာခြင်း**

မြန်မာနိုင်ငံအတွင်း ၂၀၁၉ ခုနှစ်မှစတင်ကာ အပူဆုံး စံချိန်တင်ခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် ထိုစံချိန်ကိုကျော်လွန်၍ ပိုမိုပူပြင်းလာခဲ့သည်။ ပြင်းထန်လာသောရာသီဥတုကြောင့် အောက်ဖော်ပြပါ အပူဒဏ်လေးမျိုးကို လူတိုင်းခံစားကြရသည်။

- နေ့အပူချိန်များ စံချိန်တင်မြင့်တက်ခြင်း။
- အပူချိန် စံချိန်တင်မမြင့်တက်သော်လည်း အမြင့်ပိုင်းအပူချိန်များတွင် နေ့စဉ်ရက်ဆက် အချိန်ကြာမြင့်စွာကျရောက်နေသဖြင့် အပူလျှပ်ခြင်း (Heat Stroke) ခံစားရခြင်း။
- လေထုအတွင်း ရေငွေ့များ ရောနှောပါဝင်လာမှုကြောင့် ခန္ဓာကိုယ်ခံစားရသောအပူချိန် (Feel Temperature) တွင် လေအပူချိန်သာမက ရေငွေ့အပူချိန်ပါ ပေါင်းစပ်လာသဖြင့် လူ၏ခံနိုင်သောအပူချိန်အား ကျော်လွန်သည့်အပူဒဏ်ကို ခံစားရခြင်း (High Heat Index)။
- ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း (Ultraviolet Index) မြင့်မားခြင်း။

ထို့ပြင် အပူချိန်မြင့်တက်လာသည့်အခါ မလွဲမသွေတွေ့ကြုံရလေ့ရှိသော ဆိုးကျိုးငါးခုဖြစ်သည့် နွေရာသီကာလ အပူချိန်မြင့်မားမှုဒဏ်၊ ရေရှားပါးမှုဒဏ်၊ မီးလောင်ကျွမ်းမှုဒဏ်၊ စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှုများနှင့် ကျန်းမာရေးထိခိုက်မှုများကိုလည်း ရင်ဆိုင်ကြရသည်။

**အပူဒဏ်ကြောင့် သတိလစ်ခြင်း**

နေပူထဲမှ အအေးထဲသို့ ရုတ်ခြည်းဝင်ရောက်ခြင်း၊ ရေအေးသောက်ခြင်း၊ ရေချိုးခြင်း၊ အအေးခန်းတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ရုတ်တရက်ထွက်ခြင်းများကြောင့် လူ့ခန္ဓာကိုယ်မှာ အပူအအေး ရုတ်တရက် ပြင်းထန်စွာပြောင်းလဲမှုဖြစ်စဉ် ဖြစ်ပေါ်ခံစားရတတ်သည်။ ယင်းကို ဆေးသိပ္ပံနည်းအရ Heat Stroke ဟုခေါ်၍ ဒေသအခေါ်အရ "အပူလျှပ်ခြင်း"ဟု ဆိုကြသည်။ Heat Stroke ဖြစ်ပါက အပူအအေး ရုတ်ခြည်းပြောင်းလဲသွားသည့်အတွက် အပူဒဏ်ကြောင့် ခန္ဓာကိုယ်ထဲရှိ သွေးကြောများ ကျယ်သွားခြင်း၊ အအေးဒဏ်ကြောင့် ခန္ဓာကိုယ်ထဲရှိ သွေးကြောများ ကျုံ့သွားခြင်း စသည့် သွေးစီးကြောင်း အကျဉ်းအကျယ်ဒဏ်ကိုခံစားရကာ သတိလစ်ခြင်းကိုဖြစ်စေသည်။ ပြင်းထန်သောအခြေအနေတွင် သွေးကြော အကျဉ်းအကျယ်ဒဏ်ကိုမခံစားနိုင်တော့ဘဲ သွေးကြောကြီးများအက်ကွဲလာကာ သွေးကြောငယ်လေးများ ပြတ်ထွက်သည်အထိ ဖြစ်စေနိုင်သည်။

**အပူဒဏ်ကာကွယ်ခြင်း**

- အပူဒဏ်ကြောင့် လေဖြတ်ခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်းနှင့် အမြင်အာရုံပျက်စီးခြင်း စသည်တို့လည်း ဖြစ်ပေါ်စေနိုင်သည်။ Heat Stroke မဖြစ်စေရန် နေပြင်းချိန် အပြင်မထွက်ပါနှင့်။ မဖြစ်မနေ ထွက်ရမည်ဆိုပါက အဆောင်းအကာ၊ ထီး၊ ဦးထုပ်၊ နေကာမျက်မှန်၊ သောက်ရေဘူး ယူသွားပါ။ စောင့်ဆိုင်းရသောအလုပ်ဖြစ်လျှင် သစ်ပင်အရိပ်၊ အမိုးအကာအောက်မှစောင့်ပါ။ ရိုးရိုးရေသောက်ပါ။ ရေခဲရေမသောက်ပါနှင့်။ အဲကွန်းကားစီးပြီး နေပူရှိန်ပြင်းသောနေရာ၌ ဆင်းရမည်ဆိုပါက မဆင်းမီ ကြိုတင်ရေသောက်ထားပါ။
- အပူဒဏ်ကိုရင်ဆိုင်ရာတွင် လူတို့၏ ဇီဝကမ္မပြောင်းလဲမှုဖြစ်စဉ်များကို ထိန်းချုပ်နိုင်ရန် "ရေ" က မရှိမဖြစ်ပါ။ အပူဒဏ်ကြောင့် တစ်နာရီကြာချွေးထွက်ခြင်းအတွက် သန့်ရှင်းသော သောက်ရေကို တစ်လီတာခန့် သောက်သုံးပေးသင့်သည်။ ချွေးထွက်လွန်နေသော အရွယ်ရောက်ပြီးသူတစ်ဦးလျှင် သန့်ရှင်းသောသောက်ရေ ငါးလီတာခန့်ကို ဓာတ်ဆားနှင့်ရော၍ သောက်သုံးပေးသင့်သည်။
- အကယ်၍ အပူချိန် ၁၀၆ ဒီဂရီဖာရင်ဟိုက် (၄၁ ဒီဂရီစင်တီဂရိတ်)တွင် အချိန်ကြာကြာ အပူဒဏ်ကိုဆက်၍ခံနေရပါက ဦးနှောက်ကလာပ်စည်းများကို ထိခိုက်ပျက်စီးစေနိုင်သည်။
- လူတစ်ယောက်သည် အပူချိန် ၁၀၉ ဒီဂရီဖာရင်ဟိုက် (၄၃ ဒီဂရီစင်တီဂရိတ်)တွင် အသက်အန္တရာယ်ရှိနိုင်သည်။
- အပူဒဏ်ခံရမှုကြောင့် ကိုယ်အပူချိန်ကျစေရန် ရေများများသောက်ခြင်း၊ ခန္ဓာကိုယ်တွင်းအပူငြိမ်း၍ အေးမြစေသော အစားအစာများဖြစ်သည့် နွားနို့၊ အုန်းစိမ်းရည်၊ ကြံရည်၊ ထန်းရည်ချို၊ ဖရဲသီး၊ တလည်းသီး၊ သံပရာသီး၊ သခွားသီး၊ သခွားမွှေးသီး၊ ဘူးသီး၊ ပူဇီနာရွက်၊ မုန်လာဥအဖြူ စသည်တို့ကို စားပေးသင့်သည်။

**အပူဒဏ်ခံနိုင်စေရန် ဆေးဖက်ဝင်ရေချိုးနည်း**

အပူဒဏ်ကာကွယ်သည့်အနေဖြင့် အထက်ဖော်ပြပါအတိုင်း ကျန်းမာစွာနေထိုင်စားသောက်ရမည့်အပြင် ရေချိုးနည်းမှန်ကန်ရန်လည်း အထူးအရေးကြီးသည်။ ခန္ဓာကိုယ်တစ်ခုလုံးကို တဖြည်းဖြည်းအေးစေခြင်းမျိုးဖြင့် ရေချိုးပါ။ ရေချိုးနည်းမှန်ကန်မှသာလျှင် Heat Stroke ဖြစ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။ အပူဒဏ်ခံနိုင်စေရန် ဆေးဖက်ဝင်ရေချိုးနည်းအဆင့်ဆင့်ကို အကြံပြုလိုပါသည်-

- အရိပ်ထဲတွင် ရေချိုးပါ။
- ရေမချိုးခင် သောက်ရေတစ်ဖန်ခွက် အပြည့်သောက်ပါ။
- ပြီးနောက် ဦးနှောက်ထဲရှိ အပူထိန်းအာရုံကြောနေရာများဖြစ်သော ခြေထောက်အောက်ပိုင်း၊ လက်ဖျား၊ လက်မောင်း စသည့် သုံးနေရာမှ အာရုံကြောများကို အသိပေးနှိုးဆော်သည့်အနေဖြင့် ရေဆွတ်ကာ ပက်ဖျန်းပေးပါ။
- ပြီးမှ မျက်နှာသစ်ပါ။
- တစ်ဆက်တည်းမှာပင် လည်ကုပ်နှင့် လည်ပင်းတို့ကို ရေနှင့် ပက်ပေးပါ။
- အထက်ပါနည်းအဆင့်ဆင့်အတိုင်း ရေဆက်ချိုးပါ။

**အရေးပေါ်ရှေးဦးပြုစုနည်း**

အပူလျှပ်ခြင်း (Heat Stroke) ဖြစ်ပေါ်နေသူတွင် အောက်ဖော်ပြပါ ရောဂါလက္ခဏာများ တွေ့ကြုံခံစားရနိုင်သည်။

- အရေပြားပူ၍ ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးအလွန်အကျွံထွက်ခြင်း။
- စိတ်ရှုပ်ထွေးခြင်း။
- သတိလစ်ခြင်း။
- တက်ခြင်း။
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း စသည်တို့ဖြစ်သည်။

**အပူလျှပ်ခြင်းလက္ခဏာများခံစားရပါက ဆောင်ရွက်ရန်**

- လူနာအား အရိပ်ရသောနေရာသို့ ပို့ဆောင်ပါ သို့မဟုတ် အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
- အေးမြသောနေရာ သို့မဟုတ် လေပန်ကာရှိသောနေရာ သို့မဟုတ် လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။
- လူနာ၏ ခြေရင်းဘက်အား မြင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။
- လူနာ၏အဝတ်အစားများအား ချွတ်ပေးပါ။
- လူနာ ကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည် တိုက်ပေးပါ။
- လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး သို့မဟုတ် ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေဖတ်အုပ်ပေးပါ။
- လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ သို့မဟုတ် ယပ်ခတ်ပေးပါ။
- အရေးပေါ်ရှေးဦးပြုစုခြင်းများဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူပါ။

အချုပ်အားဖြင့်ဆိုသော် အပူလျှပ်ခြင်း (Heat Stroke) သည် မပေါ့ဆဘဲ အလေးပေးဂရုစိုက်သင့်သည့် ကျန်းမာရေးဆိုင်ရာပြဿနာတစ်ခုဖြစ်သည်။ အပူလျှပ်ခြင်းဖြစ်ပေါ်သည့်အခါ လူနာ၏အရေပြားသည် မီးကဲ့သို့ပူချစ်ပြီး ချွေးလုံးဝမထွက်တော့ပေ။ ထိုအခြေအနေသည် အရေးပေါ်ကုသမှုခံယူရမည့်အခြေအနေဖြစ်ပြီး ကုသမှုခံယူရန် နှောင့်နှေးပါက ဦးနှောက်၊ အဆုတ်၊ နှလုံး၊ အသည်း၊ ကျောက်ကပ်နှင့် ကြွက်သားများကို ထိခိုက်ပျက်စီးစေကာ အသက်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်သည်။ အထူးသတိပြုရမည့်အချက်မှာ Heat Stroke ခံစားနေရချိန်တွင် ဂက်စ်ပါသည့် အချိုရည်များ၊ အားဖြည့်အချိုရည်များ၊ အဖျော်ယမကာများနှင့် ရေခဲရေသောက်သုံးခြင်းကို အထူးရှောင်ရှားရမည်။ ထို့ပြင် စိတ်ရောဂါအတွက် သောက်သုံးသောဆေးဝါးများ၊ ဆီးဆေးများနှင့် သွေးကျဲဆေးများကိုလည်း အလွန်ပူပြင်းသောရာသီဥတုတွင် သတိထားသုံးစွဲသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ပေါက်ပေါက်**

---

မအူပင်၊ စီးပွားရေး

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်၌ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချိုချို၏ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒေသထွက်လယ်ယာထွက်ကုန်များ တင်ပို့ရောင်းချလျက်ရှိရာ မတ်လအတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေတာပါ။ ဖေဖော်ဝါရီလမှာတော့ ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၃၇၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ရန်ကုန်ဈေးကွက်ကို အရင်လတွေကထက် ပဲတီစိမ်းတွေ ပိုပြီးတင်ပို့ရောင်းချခဲ့ရပါတယ်" ဟု ဒေါ်ချိုချိုကပြောသည်။

မအူပင်မြို့နယ်မှ ပဲတီစိမ်းများကို ၂၄ ပြည်ဝင်အိတ်များဖြင့်ထည့်ပြီး စနစ်တကျချုပ်လုပ်ကာ ရန်ကုန်ဈေးကွက်သို့ ကုန်တင်ယာဉ်၊ ကုန်တင်သင်္ဘောများဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် တရုတ်၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

နေပြည်တော် ဧပြီ ၁၁

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ




နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၄)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခုသင်တန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများကို ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းတက်ရောက်ပြီးစီးကြောင်း အသိအမှတ်ပြုလက်မှတ် (Certificate of Legal Advocacy-CLA) ပေးအပ်နိုင်စေရန် ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ယခုသင်တန်းအပါအဝင် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အောင်မြင်ပြီးဆုံးအောင် တက်ရောက်ခဲ့သည့် သင်တန်းသားစုစုပေါင်း ၁၂၄ ဦးအထိရှိပြီဖြစ်ပါကြောင်း။

သင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာနမှ ဦးစီးဌာနများ၏အကြောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာနှင့်အာဆီယံဥပဒေဘာသာရပ်၊ စီးပွားရေးစာချုပ်စာတမ်းများစိစစ်ခြင်းဘာသာရပ်၊ ဥပဒေမူကြမ်းစိစစ်ရေးဆွဲခြင်းဘာသာရပ်၊ အထွေထွေဥပဒေအကြံပေးရေးဘာသာရပ်၊ ပြစ်မှုဆိုင်ရာနှင့်အထူးဥပဒေများလက်တွေ့အသုံးချမှုဘာသာရပ်နှင့် တရားမဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ပြီး သင်ကြားပို့ချခဲ့သည့်ဘာသာရပ်များသည် သင်တန်းသားများအတွက် လက်တွေ့အသုံးဝင်သည့်ဘာသာရပ်များဖြစ်ပါကြောင်း။

ပို့ချပေးသည့်ဆရာများကလည်း ဥပဒေရေးရာနယ်ပယ်တွင် အတွေ့အကြုံအကြားအမြင် ပြည့်ဝသူများဖြစ်ကြသည့်အပြင် သက်ဆိုင်ရာဘာသာရပ်များတွင်လည်း ကျွမ်းကျင်ပိုင်နိုင်ကြသည့် ဆရာများဖြစ်ပါကြောင်း၊ ပို့ချသည့်ဆရာများမှာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ဦးနှင့် ဦးကျော်ဆန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးတင်ဟုန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့် အဖွဲ့ဝင် ဦးအောင်မြင့်လွင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ဒုတိယရဲမှူးကြီးမြင့်စိုး၊ ဥပဒေရေးရာဝန်ကြီးဌာနမှ အငြိမ်းစားယူပြီးသည့် ဥပဒေရေးဆွဲရေးဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဦးကျော်စိန်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှဥပဒေချုပ်များ၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေရေးရာကိစ္စရပ်များတွင် လက်တွေ့ဆောင်ရွက်နေကြသည့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များဖြစ်ပါကြောင်း။

ယခုသင်တန်းသည် သင်တန်းသားများအတွက် ဥပဒေအသိပညာများစွာရရှိကြောင်း၊ ယခုသင်တန်း၏အခြေအနေ၊ အချက်အလက်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံတင်ပြသွားမည်ဖြစ်ပြီး ဥပဒေရေးရာဝန်ကြီးဌာနတွင်လည်း မှတ်တမ်းများ ထိန်းသိမ်းထားရှိမည်ဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသားများသည် ဤသင်တန်းမှ သင်ကြားပို့ချပေးသည့် ဥပဒေဘာသာရပ်များကို မိမိတို့၏လုပ်ငန်းခွင်တွင် လက်တွေ့ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် မိမိဝန်ကြီးဌာနအကျိုး၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်နိုင်ကြပါစေကြောင်းပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းပြီးမြောက်အောင်မြင်စွာတက်ရောက်ခဲ့ကြသည့် သင်တန်းသား ၂၆ ဦးကို ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ဦးနှင့် ဦးကျော်ဆန်း၊ သင်တန်းဆရာများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်နှင့် ကျွမ်းကျင်သူအဖြစ်ဆောင်ရွက်နေသူများ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၁၁

# မြေသြဇာကော်မတီ၏ (၄၁)ကြိမ်မြောက် အစည်းအဝေးကျင်းပ



မြေသြဇာကော်မတီ၏ (၄၁)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ မြေသြဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် မြေသြဇာကော်မတီအဖွဲ့ဝင်များ၊ မြေသြဇာကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မြေသြဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဓာတ်မြေသြဇာတင်သွင်းရောင်းချခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးခြင်း စသည့်လုပ်ငန်းများကို တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ဓာတ်မြေသြဇာတင်သွင်းရောင်းချခြင်းတစ်ခုတည်းကိုသာဆောင်ရွက်ခြင်းမဟုတ်ဘဲ မိမိနိုင်ငံ၏လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ စီးပွားဖက်တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် သွင်းအားစုများ၏ အရည်အသွေးပြည့်ဝမှန်ကန်ရေးနှင့် အသိပညာပေးရေးကို အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ မြေသြဇာပိုးသတ်ဆေးမျိုးစေ့ စသည့်သွင်းအားစုဆိုင်ရာအသင်းအဖွဲ့တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့တောင်သူများနှင့် အချိတ်အဆက်မိမိ စဉ်ဆက်မပြတ်ထိတွေ့ပြီး တောင်သူလယ်သမားအကျိုးစီးပွားဖြစ်ထွန်းစေရေး ညှိနှိုင်းပေါင်းစပ်ကူညီမှုပေးရန်လိုအပ်ကြောင်း၊ အလားတူ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းနှင့်ဆီထွက်အထူးဇုန်များ၊ ဝါသီးနှံအထူးဇုန်များတွင်လည်း မိမိတို့ စွမ်းအားရှိသမျှ ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရာတွင် အစိုးရ၊ ပုဂ္ဂလိကနှင့်တောင်သူလယ်သမားများကြား ကွက်လပ်မရှိကြစေရေးကို အထူးဂရုစိုက်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံကို ပြည်ပမှတင်သွင်းရသော စိုက်ပျိုးရေးဓာတုဆေးဝါးများကို မှီခိုကာ စိုက်ပျိုးထုတ်လုပ်နေကြရသော အခြေအနေမှ ကင်းလွတ်အောင်ကြိုးစားရန် တိုက်တွန်းလိုပါကြောင်းဆွေးနွေးပြောကြားသည်။

ထို့နောက် မြေသြဇာကော်မတီအတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် ကိစ္စရပ်များကိုတင်ပြရာ မြေသြဇာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြေသြဇာ ကျွမ်းကျင်ပညာရှင်များက အကြောင်းအရာတစ်ခုချင်းအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

မြေသြဇာကော်မတီအနေဖြင့် မြေသြဇာထုတ်လုပ်ခွင့်၊ တင်သွင်းခွင့်မှတ်ပုံတင်ပေးခြင်းလုပ်ငန်းများကို မြေသြဇာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိရာ အကြိမ်(၄၀)မြောက် မြေသြဇာကော်မတီအစည်းအဝေးပြီးမြောက်ချိန်အထိ မြေသြဇာမှတ်ပုံတင်လက်မှတ်ပေါင်း ၁၁၁၂၉ စောင် ခွင့်ပြုပေးနိုင်ခဲ့ပြီး ကာယကံရှင်၏တင်ပြချက်အရ မြေသြဇာမှတ်ပုံတင် ၁၈၃၃ စောင် ပယ်ဖျက်ခဲ့ကြောင်း၊ အလားတူ သက်တမ်းကျော်လွန်သည့် မြေသြဇာမှတ်ပုံတင် ၂၆၈၉ စောင်ကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖျက်သိမ်းခဲ့ပြီးဖြစ်၍ ယနေ့အထိ မြေသြဇာမှတ်ပုံတင် ၆၆၀၇ စောင် ခွင့်ပြုလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မိုးစပါး၊ မိုးနှင့်ဆောင်းဆီထွက်သီးနှံများအတွက် လိုအပ်သောဓာတ်မြေသြဇာများအား တောင်သူများထံ မဖြန့်ဖြူးမီ စံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိ မရှိ မြေသြဇာနမူနာရယူ၍ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ ဓာတ်ခွဲခန်းများတွင် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ရာသီချိန်မီဆောင်ရွက်နိုင်ရန် တောင်သူများလိုအပ်သည့်ဓာတ်မြေသြဇာများ တင်သွင်းနိုင်စေရန် ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးထားသည့်ကိစ္စရပ်များအား ယနေ့အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

---

## ♫♫ သင်္ဂဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၁၂-၄-၂၀၂၄(သောကြာနေ့)

- ၁။ ၀၈း၀၀ နှလုံးသားဝယ် ဘုရားတည်
- ၂။ ၁၂း၁၅ Special Music Time
- ၃။ ၁၅း၀၀ တော်ဝင်ပန်းလေးသင်္ဇင်
- ၄။ ၁၇း၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား
- ၅။ ၂၁း၂၀ မြန်မာသံစဉ် (ကာလပေါ်)
- ၆။ ၂၁း၄၀ Love Dictionary

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၄-၂၀၂၄ (သောကြာနေ့)

- ၁။ ၆း၀၂ နိုင်ငံတော်သီချင်း
- ၂။ ၆း၀၃ တရားတော်
- ၃။ ၇း၁၅ မေတ္တာပို့
- ၄။ ၇း၂၅ ဓမ္မပူဇာတေး
- ၅။ ၇း၃၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆။ ၈း၀၅ အမျိုးသားရေးတေးကဗျာ
- ၇။ ၈း၂၅ နှစ်(၇၀) ကျော်ကြားတေးများ
- ၈။ ၁၀း၅၀ ကျန်းမာသုတ
- ၉။ ၁၁း၄၀ Sport Review
- ၁၀။ ၁၁း၅၀ မြန်မာ့လက်သံ
- ၁၁။ ၁၂း၁၅ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
- ၁၂။ ၁၆း၀၆ တစ်ပတ်အတွင်းစာပေနှင့် အနုပညာသတင်း
- ၁၃။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း - တန်ဖိုး အပိုင်း(၁)**
- ၁၄။ **ည ၈ နာရီ သတင်း အပြီး** နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ တရားတော်

## ၁၂-၄-၂၀၂၄ ရက်နေ့တွင်ဖြစ်ပေါ်သော အာဆီယံနိုင်ငံများ၏ စက်သုံးဆီဈေးနှုန်းများ

| စဉ် | အာဆီယံနိုင်ငံများ | ဓာတ်ဆီ(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၉၈၄၆ ကျပ် |
| ၂။ | လာအို | ၅၀၃၉ ကျပ် |
| ၃။ | ဖိလစ်ပိုင် | ၄၃၅၆ ကျပ် |
| ၄။ | ထိုင်း | ၄၃၀၆ ကျပ် |
| ၅။ | ကမ္ဘောဒီးယား | ၄၁၃၄ ကျပ် |
| ၆။ | ဗီယက်နမ် | ၃၂၉၂ ကျပ် |
| ၇။ | အင်ဒိုနီးရှား | ၃၀၄၆ ကျပ် |
| ၈။ | မြန်မာ | ၂၉၃၀ ကျပ် |
| ၉။ | မလေးရှား | ၁၄၃၂ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၁၂၉၉ ကျပ် |

| စဉ် | အာဆီယံနိုင်ငံများ | ဒီဇယ်(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၈၉၅၁ ကျပ် |
| ၂။ | ဖိလစ်ပိုင် | ၄၁၃၄ ကျပ် |
| ၃။ | ကမ္ဘောဒီးယား | ၃၃၅၅ ကျပ် |
| ၄။ | အင်ဒိုနီးရှား | ၃၂၈၅ ကျပ် |
| ၅။ | လာအို | ၃၂၀၆ ကျပ် |
| ၆။ | ဗီယက်နမ် | ၂၈၁၈ ကျပ် |
| ၇။ | ထိုင်း | ၂၆၉၅ ကျပ် |
| ၈။ | မြန်မာ | ၂၅၃၀ ကျပ် |
| ၉။ | မလေးရှား | ၁၅၀၂ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၇၅၉ ကျပ် |

သက်ဆိုင်ရာနိုင်ငံအလိုက် US ဒေါ်လာဈေးနှုန်းအား ပြည်တွင်း Market Exchange Rate ဖြင့် တွက်ချက်ထားပါသည်။

## ၂၀၂၄ ခုနှစ် သင်္ကြန်နှစ်သစ်ကူးကာလများဖြစ်သည့် ၁၃-၄-၂၀၂၄ ရက်နေ့မှစ ၁၇-၄-၂၀၂၄ ရက်နေ့ကာလအတွင်း အောက်ဖော်ပြပါ CNG အရောင်းဆိုင်များမှ နံနက် ၆ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ဆိုင်အမှတ် | ၀၀၂ | အင်းစိန် | ၁၃။ | ဆိုင်အမှတ် | ၀၁၉ | စော်ဘွားကြီးကုန်း |
| ၂။ | ဆိုင်အမှတ် | ၀၀၃ | အလုံ(၁) | ၁၄။ | ဆိုင်အမှတ် | ၀၂၀ | မင်္ဂလာတောင်ညွန့် |
| ၃။ | ဆိုင်အမှတ် | ၀၀၄ | ကျိုက္ကလို့ | ၁၅။ | ဆိုင်အမှတ် | ၀၂၁ | ဒဂုံဆိပ်ကမ်း |
| ၄။ | ဆိုင်အမှတ် | ၀၀၅ | သာကေတ(၁) | ၁၆။ | ဆိုင်အမှတ် | ၀၂၄ | ပါရမီ |
| ၅။ | ဆိုင်အမှတ် | ၀၀၆ | ဒဂုံမြို့သစ် | ၁၇။ | ဆိုင်အမှတ် | ၀၂၆ | လှိုင်သာယာ(၂) |
| ၆။ | ဆိုင်အမှတ် | ၀၀၇ | ဘုရင့်နောင် | ၁၈။ | ဆိုင်အမှတ် | ၀၂၇ | ရွှေပြည်သာ(၂) |
| ၇။ | ဆိုင်အမှတ် | ၀၀၈ | ပုလဲ | ၁၉။ | ဆိုင်အမှတ် | ၀၂၈ | သုဝဏ္ဏ |
| ၈။ | ဆိုင်အမှတ် | ၀၀၉ | လှိုင်သာယာ(၁) | ၂၀။ | ဆိုင်အမှတ် | ၀၂၉ | အလုံ(၃) |
| ၉။ | ဆိုင်အမှတ် | ၀၁၂ | တညင်းကုန်း(၁) | ၂၁။ | ဆိုင်အမှတ် | ၀၃၀ | ရွှေညောင်ပင် |
| ၁၀။ | ဆိုင်အမှတ် | ၀၁၅ | ဒဂုံအရှေ့ (၁) | ၂၂။ | ဆိုင်အမှတ် | ၀၃၇ | တောင်ဥက္ကလာ(၂) |
| ၁၁။ | ဆိုင်အမှတ် | ၀၁၆ | ကြည့်မြင်တိုင် | ၂၃။ | ဆိုင်အမှတ် | ၀၄၂ | ထောက်ကြန့် |
| ၁၂။ | ဆိုင်အမှတ် | ၀၁၈ | သန်လျင်(၁) | | | | |

## ၂၀၂၄ ခုနှစ် သင်္ကြန်နှစ်သစ်ကူးကာလများဖြစ်သည့် ၁၃-၄-၂၀၂၄ ရက်နေ့မှစ ၁၇-၄-၂၀၂၄ ရက်နေ့ကာလအတွင်း အောက်ဖော်ပြပါ CNG အရောင်းဆိုင်များအား ခေတ္တယာယီအရောင်းပိတ်ထားမည်ဖြစ်ပြီး ၁၈-၄-၂၀၂၄ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ဆိုင်အမှတ် | ၀၀၁ | သမိုင်း(၁) | ၁၀။ | ဆိုင်အမှတ် | ၀၃၂ | ရွာမ |
| ၂။ | ဆိုင်အမှတ် | ၀၁၁ | မြောက်ဥက္ကလာပ(၁) | ၁၁။ | ဆိုင်အမှတ် | ၀၃၃ | တညင်းကုန်း(၂) |
| ၃။ | ဆိုင်အမှတ် | ၀၁၃ | အလုံ(၂) | ၁၂။ | ဆိုင်အမှတ် | ၀၃၄ | ကျိုက္ကဆံ |
| ၄။ | ဆိုင်အမှတ် | ၀၁၄ | ရွှေပြည်သာ(၁) | ၁၃။ | ဆိုင်အမှတ် | ၀၃၅ | ဗိုလ်တထောင် |
| ၅။ | ဆိုင်အမှတ် | ၀၁၇ | တောင်ဥက္ကလာ(၁) | ၁၄။ | ဆိုင်အမှတ် | ၀၃၆ | မြောက်ဥက္ကလာ(၂) |
| ၆။ | ဆိုင်အမှတ် | ၀၂၂ | သာကေတ(၂) | ၁၅။ | ဆိုင်အမှတ် | ၀၃၈ | မောင်းမကန် |
| ၇။ | ဆိုင်အမှတ် | ၀၂၃ | ဒဂုံအရှေ့(၂) | ၁၆။ | ဆိုင်အမှတ် | ၀၃၉ | လှိုင်သာယာ(၃) |
| ၈။ | ဆိုင်အမှတ် | ၀၂၅ | လှော်ကား | ၁၇။ | ဆိုင်အမှတ် | ၀၄၀ | မင်းဓမ္မ |
| ၉။ | ဆိုင်အမှတ် | ၀၃၁ | သန်လျင်(၂) | ၁၈။ | ဆိုင်အမှတ် | ၀၄၁ | သမိုင်း(၂) |

စစ်ကိုင်း၊ ရေအရင်းအမြစ်

# စစ်ကိုင်းတောင်ရိုးအနီးရှိ မြစ်ရေတင်စက်များ ရာသီမရွေးရေစုပ်တင်နိုင်စေရန် ဧရာဝတီမြစ်အတွင်း သဲသောင်များ တူးဖော်ရှင်းလင်းခြင်း ရာနှုန်းပြည့်ပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ သီတဂူရေအလှူတော် အမှတ်(၂) မြစ်ရေတင်စက်မှ ရာသီမရွေး ရေစုပ်တင်နိုင်ရေးအတွက် ဧရာဝတီမြစ်အတွင်း သောင်တူးခြင်းလုပ်ငန်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ် စစ်ကိုင်းတောင်ရိုးနှင့် မင်းဝံတောင်ရိုးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဒေသခံပြည်သူများ သောက်သုံးရေ အဆင်ပြေလွယ်ကူစွာရရှိစေရန် သီတဂူရေအလှူတော် အမှတ်(၂)မြစ်ရေတင်စက်မှ ဧရာဝတီမြစ်ရေကို ရေစုပ်စက်ကြီးများဖြင့် စုပ်တင်ပေးလျက်ရှိရာ ပွင့်လင်းရာသီ မြစ်ရေနည်းချိန်တွင် သဲသောင်များဖြစ်ပေါ်ကာ ပိတ်ဆို့နေသည့်အတွက် ၁၂ လ ရာသီစလုံး အမြဲတမ်းရေစီးဆင်းနေသော ရေအရှင်နေရာတစ်ခုဖြစ်လာစေရန် ယခုကဲ့သို့ သဲသောင်တူးဖော်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

"စစ်ကိုင်းမြို့နယ်မှာရှိတဲ့ သီတဂူရေအလှူတော် အမှတ်(၂)မြစ်ရေတင်စက်က ဧရာဝတီမြစ် စစ်ကိုင်းဘက်ခြမ်း Secondary Channel ထဲမှာ တည်ရှိနေပါတယ်။ အဲဒီရေတင်စက်ရာသီမရွေး ရေစုပ်တင်နိုင်ရေးအတွက် တူးဖော်ရှင်းလင်းရမယ့် သဲသောင်ပမာဏက များပြားလို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အထွေထွေပိုလျှံရန်ပုံငွေနဲ့ မီတာ ၁၃၅၀ တူးဖော်ပေးခဲ့ပါတယ်။ နောက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာလည်း မီတာ ၁၄၅၀ တူးဖော်ခဲ့ပါတယ်။ စုစုပေါင်း မီတာ ၂၈၀၀ တူးဖော်ပေးခဲ့ပြီး ဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ သဲသောင်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုငွေ ငွေကျပ်သန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုငွေကျပ်သန်း ၃၀၀ အနက် ငွေကျပ် ၂၇၆ ဒသမ ၅၇ သန်းသုံးစွဲခဲ့ပြီး အထွေထွေပိုလျှံငွေ ငွေကျပ် ၂၃ ဒသမ ၄၃ သန်းကို သက်ဆိုင်ရာသို့ ပြန်လည်အပ်နှံခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဆောင်းဦး**

လပွတ္တာ၊ ဈေးကွက်စီးပွားရေး

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၇၀၀၀ အထိ တင်ပို့ရောင်းချ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၇၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အိဖြိုး၏ပြောဆိုချက်အရ သိရသည်။


လပွတ္တာမြို့နယ်မှ ဒေသထွက်မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက မျှင်ငါးပိ ပိဿာချိန် ၆၅၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၇၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် မျှင်ငါးပိ ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၈၀၀၀ အထိဈေးရှိကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ မျှင်ငါးပိအပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့မတ်လတစ်လတာကာလအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၇၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ဘက်က မတ်လအတွင်းနဲ့ လက်ရှိမှာလည်း ဝယ်လိုအားအရမ်းများနေပါတယ်။ မျှင်ငါးပိတွေက ပြည်တွင်းဈေးကွက်မှာ ဝယ်လိုအားကောင်းလာပါတယ်။ အခုလို မျှင်ငါးပိတွေ အရောင်းအဝယ်ပြန်ကောင်းလာတော့ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေလာတယ်"ဟု ဒေါ်အိဖြိုးကပြောသည်။

လပွတ္တာမြို့နယ်၌ ရေထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသခံရေလုပ်သားများ ပင်လယ်ပြင်မှရရှိလာသော မျှင်ကောင်များကိုဝယ်ယူအသုံးပြုပြီး အသင့်စားသုံးနိုင်သော မျှင်ငါးပိအဖြစ်ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါမျှင်ငါးပိထုတ်လုပ်ရောင်းချသည့် လုပ်ငန်းသည် ဒေသထုတ်ကုန်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး မျှင်ငါးပိလုပ်ငန်းတစ်ခုလျှင် လုပ်သားအနည်းဆုံး ၁၅ ဦးမှ ၂၅ ဦးအထိ ဒေသတွင်း အလုပ်အကိုင်ဖန်တီးပေးနိုင်ကြောင်း သိရသည်။ **သုတကျော်**

နေပြည်တော် ဧပြီ ၁၁

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chen Hai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် လက်ခံတွေ့ဆုံ



အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄)ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chen Hai အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပဲခူး ဧပြီ ၁၁

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အုတ်တွင်းမြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ကွင်းတစ်ဆက်တည်း နွေစပါးဧက ၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သီးထပ်စွမ်းအား တိုးတက်စေရေးအတွက် နွေစပါးနှစ်သီးရရှိစိုက်ပျိုးနိုင်ရန် ကြိုတင်ပျိုးထောင်ခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းများအား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး စံပြကွက်များဆောင်ရွက်ပေးရန်၊ စိုက်ပျိုးရေအား အကျိုးရှိရှိစနစ်တကျသုံးစွဲနိုင်ရေး ဖွဲ့စည်းပေးထားသည့် Water User Group များဖြင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားရန်၊ ရေသွင်း/ရေထုတ်မှန်ကန်မှသာ ပင်ပွားနှုန်းကောင်းပြီး အထွက်နှုန်းတိုးတက်နိုင်မည်ဖြစ်၍ အသိပညာပေးရန်နှင့် မြေလပ်မရှိစိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။



ထို့နောက် ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု၌ စိုက်ပျိုးရေရရှိရေးနှင့် စနစ်ကျလယ်ယာမြေဖော်ထုတ်ဆောင်ရွက်ပေးခဲ့မှုကြောင့် တစ်ကွင်းတစ်ဆက်တည်း မြေဧရိယာ ၁၅၀ ဧက နွေစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးမြေများ မြေဆီသြဇာဓာတ်ကြွယ်ဝစေရေး ကြားသီးနှံအဖြစ် ဈေးကွက်ဝင်သည့် ပဲတစ်မျိုးမျိုးစိုက်ပျိုးသွားရန်၊ ကန်ထရိုက်လယ်ယာစနစ်များ ကျယ်ကျယ်ပြန့်ပြန့်ဖော်ဆောင်သွားရန်နှင့် မိရိုးဖလာစိုက်နည်းစနစ်မှ စက်မှုလယ်ယာသို့ လိုက်ပါပြောင်းလဲဆောင်ရွက်ရန် မှာကြားခဲ့သည်။

ယင်းနောက် ဒိုက်ဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄ ခုနှစ် အခြေခံပညာစာတတ်မြောက်ရေး လုပ်ငန်းစာသင်ဝိုင်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး အခြေခံစာတတ်မြောက်ရေးတွင် စိတ်ပါဝင်စားစွာလာရောက်လေ့လာသင်ယူနေသည့် အသက် ၉၅ နှစ်ကျော် အသွားသုံးဦးတို့အား ထောက်ပံ့ငွေများ ဂုဏ်ပြုပေးအပ်ခဲ့ပြီး စာသင်ဝိုင်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာ၌ ဒေသကြက်ကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှုနှင့် ဖူးစားပြောင်းစံပြစိုက်ခင်းတို့အား ကြည့်ရှုအားပေးခဲ့ပြီး ပေါက်တပင်ကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်ပေးခဲ့မှုကြောင့် တစ်နှစ်သုံးသီး တစ်ကွင်းတစ်ဆက်တည်း မြေဧရိယာ ၄၅၀ ဧက နွေစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

နေပြည်တော် ဧပြီ ၁၁

# မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပမှုများ MRTV မှ တိုက်ရိုက်(Live) ထုတ်လွှင့်တင်ဆက်မည်

မြန်မာနိုင်ငံတစ်ဝန်းတွင် ၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်မှ ၁၆ ရက်ထိကျင်းပမည့် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများပျော်ရွှင်စွာဆင်နွှဲကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးတင်ဆက်မည်ဖြစ်ရာ ထိုသို့တင်ဆက်မှုများအနက်မှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်လမ်းလျှောက်သင်္ကြန်မဏ္ဍပ်တို့တွင် ဖျော်ဖြေတင်ဆက်မှုများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live)ရိုက်ကူးထုတ်လွှင့်မည်ဖြစ်သည်။

ထိုကဲ့သို့ ထုတ်လွှင့်ရာတွင် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV Parliament Channel မှလည်းကောင်း၊ နေပြည်တော်လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV NRC Channel မှလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၏ဖျော်ဖြေတင်ဆက်မှုများကို MRTV Farmers' Channel မှလည်းကောင်း၊ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၏ဖျော်ဖြေတင်ဆက်မှုများကို MRTV Sports Channel မှလည်းကောင်း သင်္ကြန်အကြိုနေ့ ဧပြီလ ၁၃ ရက်၊ သင်္ကြန်အကျနေ့ ဧပြီလ ၁၄ ရက်၊ သင်္ကြန်အကြတ်နေ့ ဧပြီလ ၁၅ ရက်နှင့် သင်္ကြန်အတက်နေ့ ဧပြီလ ၁၆ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီနှင့် ညနေ ၃ နာရီမှ ည ၇ နာရီအထိ စီစဉ်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်များနှင့် နေပြည်တော်လမ်းလျှောက်သင်္ကြန်တို့မှ ဖျော်ဖြေတင်ဆက်မှုများကို ထုတ်နုတ်စုစည်း၍ MRTV-HD Channel တွင် သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ နေ့စဉ်မွန်းလွဲ ၂ နာရီခန့်နှင့် ညစဉ် ည ၉ နာရီခွဲခန့်တို့တွင် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်သည်။ **(MRTV)**

ထားဝယ် ဧပြီ ၁၁

# မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း၊ ဆိုလာရေတင်စနစ်လုပ်ငန်း သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကျင်းပ

ထားဝယ်ခရိုင်ထားဝယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း၊ ဆိုလာရေတင်စနစ်လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ထားဝယ်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးသီက အဖွင့်အမှာစကားပြောကြားပြီး ထားဝယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သာသာရည်က အခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းများဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်ဦးစီးမှူး၊ တိုင်းဒေသကြီးမှ စီမံကိန်းတာဝန်ခံများ၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စီမံကိန်းကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

▶ **ရှေ့ဖုံးမှအဆက်**

၈၄၁ ဒသမ ၆၇၃ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၄၅ သန်းရရှိသည့်အတွက် ပြည်ပသို့ ပုစွန်တင်ပို့မှုစုစုပေါင်း မက်ထရစ်တန် ၉၉၇၈ ဒသမ ၈၅၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၁၈၅ သန်းရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်မှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

**စောယု**

# လမင်းသို့ထိန် သူရိန်သို့လင်းကြပါစေ

ဘုန်းရဲနိုင်(ဂန့်ဂေါ)



ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်၍ ထိပ်တန်းအဆင့်ရောက်ရှိနေသော နိုင်ငံသားတိုင်းစာဖတ်ကြသည်ဟူသောအဆိုကို လူတိုင်းမျှပင်ကြားဖူးကြပေသည်။ မိမိတို့၏လူမှုဝန်းကျင်၌လည်း "ပညာရွှေအိုးလူမခိုး"၊ "အလိမ္မာ စာမှာရှိ"၊ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဟူသော စကားပုံများအပြင် လူတိုင်းအတွက် မရှိမဖြစ်အရေးကြီးစွာလိုအပ်သဖြင့် မဖြစ်မနေရှာဖွေသင်ယူသင့်ပုံကို "ပညာရှာ ပမာသူဖုန်းစား"ဟူသောအဆိုစကားရပ်တို့ဖြင့် စာဖတ်ခြင်းကိုအလေးထားကြကြောင်း ညွှန်းဆိုလျက်ရှိပေသည်။

စာအုပ်စာပေ ဖတ်မှတ်လေ့လာခြင်းအလေ့အထမှာ လူသားတို့ပြုမူလေ့ရှိသည့် အလေ့အထများအနက် လွန်စွာ အကျိုးကျေးဇူး ကြီးမားလှသည့် အလေ့အထဖြစ်သည်။ စာဖတ်ခြင်းမှရရှိသော အကျိုးကျေးဇူးများကို မှတ်သားခဲ့မိသမျှများစွာရှိခဲ့သည့်အနက် "ဦးနှောက်ဖွံ့ဖြိုးစေရန်စာဖတ်ခြင်း၊ လောကခံကို ခံနိုင်ရည်ရှိစေရန်စာဖတ်ခြင်း၊ လူတော်လူကောင်းဖြစ်စေရန် စာဖတ်ခြင်း၊ ကိုယ်ချင်းစာစိတ်ရှိစေရန်စာဖတ်ခြင်း၊ အာရုံစူးစိုက်မှုတိုးတက်စေရန် စာဖတ်ခြင်း"ဟူသည်တို့လည်း အပါအဝင်ဖြစ်သည်။ ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ အဆိုအမိန့်များအနက် ၁၆ ဦးမြောက် အမေရိကန်သမ္မတ အေဗရာဟင်လင်ကွန်း၏ "ကျွန်ုပ်ကို သစ်ပင်ခုတ်ဖို့ အချိန် ၆ နာရီပေးရင် ၄ နာရီကို ပုဆိန်သွေးနေမှာပါ" ဟူသော လူတိုင်းကိုယ်စီစာဖတ်ကြရန် တိုက်တွန်းထားသည့်အဆိုအမိန့်ကို လွန်စွာပင် နှစ်ခြိုက်မိသည်။ အေဗရာဟင်လင်ကွန်းမှာ ဆင်းရဲချို့တဲ့သည့် သာမန်အောက်ခြေသစ်ခုတ်သမားမိသားစုမှ စာဖတ်ခြင်းအကျိုးကျေးဇူးကြောင့် အမေရိကန်ပြည်ထောင်စု၏ သမ္မတဖြစ်သည်အထိ အောင်မြင်ခဲ့သူဖြစ်သည့်အပြင် အမေရိကန်ပြည်တွင်းစစ်ကြီးပြီးဆုံးစေရန်နှင့် တိုင်းပြည်နှစ်ခြမ်းမကွဲစေရန် ထိန်းသိမ်းတည့်မတ်ပေးနိုင်ခဲ့သူဖြစ်သည်။

မည်သည့်အလုပ်အကိုင်အမျိုးအစားကိုမဆို လုပ်ကိုင်ရာ၌ အတွေ့အကြုံ၊ လုပ်ပုံလုပ်နည်း၊ စွမ်းရည်အား စသည့်ကိုယ်ရည်ကိုယ်သွေးများက လွန်စွာအရေးပါသည်။ အချိန်အတိုတောင်းဆုံးကာလတစ်ခုအတွင်း လိုအပ်သည့် ကိုယ်ရည်ကိုယ်သွေးတို့ကို စာပေများဖတ်ရှုလေ့လာခြင်းဖြင့်သာ ဖြည့်ဆည်းမြှင့်တင်နိုင်ပေသည်။ ထို့ကြောင့် အောင်မြင်တိုးတက်မှုကို ရယူပိုင်ဆိုင်လိုသူတိုင်း စာဖတ်ခြင်းအလေ့အထကို မဖြစ်မနေအချိန်ယူလုပ်ဆောင်သင့်ပေသည်။ မိမိတို့နိုင်ငံသည် ကိုယ်ပိုင်စာပေနှင့်ယဉ်ကျေးမှုအရာ၌ အဆင့်အတန်းရှိရှိဂုဏ်သိက္ခာမြင့်မားခဲ့ကြသည်။ ထို့ကြောင့်လည်း မိမိတို့နိုင်ငံသားများ၏ လူ့အသိုက်အဝန်း၌ အထက်တွင်ဆိုခဲ့သော "ပညာရွှေအိုးလူမခိုး"၊ "အလိမ္မာ စာမှာရှိ"၊ "စာအုပ်စာပေ လူ့မိတ်ဆွေ"၊ "ပညာရှာ ပမာသူဖုန်းစား" ဟူသောအဆိုစကားရပ်တို့ ထွန်းကားခဲ့ခြင်းပင်ဖြစ်သည်။

မည်သည့်ခေတ်ကာလတွင်မဆို လူတိုင်းကိုယ်စီ စာများများဖတ်ကြရန်လိုသည်။ စာတတ်ပြီးစာမဖတ်ကြသူများကို မျက်လုံးတစ်ဖက်ကန်းနေသူ သို့မဟုတ် အမြင်ဝေဝါးနေသူအဖြစ် တင်စားတတ်ကြသည်။ စာဖတ်ခြင်းဖြင့် သိမ်ငယ်နေသောစိတ်ထားကို မြှင့်တင်ပေးနိုင်သလို ပျောက်ဆုံးဝေဝါးနေသောအသိဉာဏ်တို့ကိုလည်း ပိုင်ဆိုင်ရရှိစေနိုင်သည်။ ယင်းအပြင် ပျော်ရွှင်ဖွယ်ကောင်းသော၊ ငြိမ်းချမ်းမှုအနှစ်သာရပြည့်ဝသော လူ့အသိုက်အဝန်းတစ်ရပ်ကို ဖန်တီးသည့်ခွန်အားများကိုလည်း စာပေကဖန်တီးနိုင်စွမ်းရှိသည်ကို သတိပြုမိကြရန်လိုပေသည်။ တတ်သိပညာ ဟူသည်မှာ သင်ယူ၍ ကုန်သွားရိုးထုံးစံမရှိသဖြင့် မိမိတို့သက်တမ်းနှင့်အမျှ သင့်လျော်ရာစာပေတစ်မျိုးမျိုးကို ဖတ်ရှုလေ့လာသင့်ကြပေသည်။ စိတ်ကောင်းထားပါ။ စိတ်ထားကောင်းလျှင် ကံကောင်းသည်ဟုလည်း ဆိုကြသလို စိတ်ကောင်းရှိရန် စာကောင်းကိုရွေး၍ ဖတ်ရမည်ဟူသည်ကိုလည်း အများကြားဖူးကြမည်ပင်ဖြစ်သည်။ ထို့ကြောင့်ပင် စာဖတ်ရာ၌ ဆရာမကြီး ဒေါ်စောမုံညင်း မိန့်မှာဆုံးမခဲ့သည့် "စာကိုငါးဟင်းစားသကဲ့သို့ ဖတ်ရမည်"ဟူသည့်အတိုင်း သတိပြုမူလိုက်နာဖတ်ရှုသင့်ကြပေသည်။ စာဖတ်ရာ၌ စာပေဝန်းကျင်မှ ညစ်ညမ်းသော၊ အဆိပ်အတောက်ရှိသော စာအုပ်စာပေများကို ငါးဟင်းစားလျှင် အရိုးကိုပစ်ပယ်ရသကဲ့သို့ ညစ်ညမ်းသော၊ အဆိပ်အတောက်ရှိသော စာအုပ်စာပေများကို ဖယ်ရှားဖတ်ရှုကြရမည်ဖြစ်သည်။

စာဖတ်သူမှာ စာမဖတ်သူများထက် နှာတစ်ဖျားသာမြဲဖြစ်သည်။ ပညာတတ်ခြင်း၊ အတွေးအခေါ်ချင်းတူနေလျှင်ပင် စာဖတ်သူကစေ့စပ်မှု၊ နည်းစနစ်နှင့် ဇွဲလုံ့လတို့သာလွန်ဖြင့် အောင်မြင်မှုခြင်းလည်း ကွာခြားကြရသည်။ ချမ်းသာကြွယ်ဝမှုချင်းတူလျှင်လည်း စာဖတ်သူကစိတ်ရင်းစေတနာနှင့် ကိုယ်ချင်းစာစိတ်တို့သာလွန်သဖြင့် ဂုဏ်သိက္ခာထည်ဝါမှုနှင့် လူ့အနှစ်သာရအဆင့်အတန်းချင်း ကွဲပြားခြားနားကြသည်။ ထို့ကြောင့်ပင် စာမဖတ်သူနှင့် စာဖတ်သူတို့၏ ကံအကျိုးပေးချင်းလည်း တူညီနိုင်ကြမည်မဟုတ်သည်ကို ဆင်ခြင်သိမြင်သင့်လှသည်။ အလှူဒါနပြုကြရာ၌ပင် မိမိ၏အလှူဒါနအပေါ်တွင်ထားရှိသည့် ရည်ရွယ်ချက်စိတ်ထားနှင့် အနှစ်သာရသဘောထားချင်းမှာလည်း စာဖတ်သူနှင့် စာမဖတ်သူတို့ကြား ကွဲပြားသဖြင့် လောကီလောကုတ်အကျိုးစီးပွားဖြစ်ထွန်းပုံ အကြီးအသေးချင်းလည်း ကွဲပြားခြားနားနေမည်သာဖြစ်သည်။ တိုင်းပြည်တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရသည်ဖြစ်စေ၊ တိုင်းပြည်ကိုချစ်သည့် အချစ်ချင်းဖြစ်စေ အနှစ်သာရပြည့်ဝမှုခြင်းမတူညီသဖြင့် အတ္တ၊ ပရလူ့စိတ်ထားအဆင့်အတန်းခြင်းလည်း တူညီနိုင်ကြမည်မဟုတ်ပေ။ ထို့ကြောင့်ပင် စာဖတ်သူတိုင်းကိုယ်ရည်ကိုယ်သွေးပိုမိုမြင့်မားကြသလို လူအများကိုလည်း စာဖတ်ရန်တိုက်တွန်းနှိုးဆော်လေ့ရှိကြသည်။

အနောက်တိုင်းသားများက စာဖတ်ခြင်းအလေ့အထကို လွန်စွာပင်အလေးထားကြသည်ကိုလည်းတွေ့ရသည်။ ဖွံ့ဖြိုးတိုးတက်သော အနောက်နိုင်ငံကြီးတစ်နိုင်ငံတွင် မြို့သစ်၊ ရွာသစ်၊ ရပ်ကွက်သစ်တစ်ခုစတင်တည်ထောင်တိုင်း စာကြည့်တိုက်များကို မဖြစ်မနေအဓိကဦးစားပေးအဖြစ် ထည့်သွင်းတည်ဆောက်ကြကြောင်းသိရသည်။ ယင်းအလေ့အထမှာအားကျအတုယူဖွယ်ရာ ကောင်းလှပေသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀ ကျော်ခန့်ဖြစ်သည့် ၁၅၉၇ ခုနှစ်က ဗြိတိသျှအတွေးအခေါ် ပညာရှင် Francis Bacon ဆိုသူက စာဖတ်ခြင်း၊ ဗဟုသုတရှာမှီးခြင်းတို့နှင့်ပတ်သက်သည့် Knowledge Is Power ဟူသည့် အဆိုကို ဆိုမိန့်ခဲ့ကြောင်းသိရသည်။ ယင်းအချိန်မှစ၍ အနောက်နိုင်ငံများအနေဖြင့် အသိပညာမျက်နှာစာဘက်သို့ ဦးတည်ပြောင်းလဲသွားခြင်းနှင့်အတူ အခြားသောကမ္ဘာ့နိုင်ငံများထက် ပိုမိုအသိဉာဏ်ကြွယ်ဝလာပြီး ပိုမို၍လည်းဖွံ့ဖြိုးတိုးတက်လာခဲ့ကြသည်ကိုတွေ့ရသည်။

ဤယနေ့ခေတ်တွင်မူ စာဖတ်ခြင်းကိုအခြေပြုသည့် တတ်သိပညာနယ်ပယ်မှာ နယ်ပယ်ကဏ္ဍစုံ၌ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ အသိပညာအား ထုတ်လုပ်သူအရင်းအမြစ်တစ်ရပ်အဖြစ် အသုံးချကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့် နယ်ပယ်အသီးသီးတို့အတွက် ထိရောက်အောင်မြင်စွာအသုံးချလျက် ရှိနေပြီဖြစ်သည်။ ကုန်လွန်ခဲ့သည့် ရာစုနှစ်များကို သုံးသပ်မည်ဆိုပါက ၁၆ ရာစုနှစ်တွင် အနုပညာထွန်းကားသော ရာစုနှစ်အဖြစ် မိုက်ကယ်အိန်ဂျလို၊ လီယိုနာယိုဒါဗင်ချီ၊ ရှိတ်စပီးယားတို့ပေါ်ထွန်းခဲ့သည်ကို ထောက်ချင့်၍သုံးသပ်နိုင်သည်။ ၁၇ ရာစုနှစ်ကိုမူ သိပ္ပံပညာခေတ်ဦးအဖြစ် နယူတန်၊ ဂယ်လီလီယိုတို့၏ တီထွင်ဖန်တီးခဲ့မှုများကိုထောင့်ချင့်၍ သုံးသပ်ကြသည်။ ၁၈ ရာစုတွင် နိုင်ငံရေးအတွေးအခေါ်အယူအဆများ ဆန်းသစ်ဖွံ့ဖြိုးခဲ့ရာ သောမတ်ဒန်ပါဆန်၊ အဒန်ဆစ်တို့မှာ ထင်ရှားကျော်ကြားကြသူများဖြစ်သည်။ ၁၉ ရာစုတွင်မူ ကူးသန်းရောင်းဝယ်ရေးနှင့်ကိုလိုနီစနစ်တို့ ရောထွေး ဖွံ့ဖြိုးခဲ့သည်ကိုတွေ့ရသည်။ ယင်းကာလတွင် ကိုလိုနီနယ်မြေဖန်တီးမှုများ၊ စစ်ပွဲကြီးများဖြင့် အရုပ်ဆိုးအကျည်းတန်သောကမ္ဘာကြီးအဖြစ်ပြောစမှတ်ပြုကြသည်။

၂၀ ရာစုနှင့် ၂၀ ရာစုလွန်ယနေ့ခေတ်တွင်မူ နိုင်ငံရေး၊ စီးပွားရေးတို့အပြင် လူသားမှတ်ဉာဏ်တူနည်းပညာအပါအဝင် နည်းပညာနှင့် ကဏ္ဍနယ်ပယ်စုံပြောင်းလဲတိုးတက်နေခြင်းနှင့်အတူ လူသားအသိုက်အဝန်းကြီး တစ်ခုလုံးအတွက် အလွန်အန္တရာယ်ကြီးသော ကာလတစ်ခုသို့ရောက်ရှိနေကြောင်းတွေ့ရသည်။ ထို့ကြောင့်ပင် ကြမ်းတမ်းခက်ထန်လာသော လူသားတို့၏စိတ်နေစိတ်ထားတို့ကို သည်းခံခွင့်လွှတ်မှုစိတ်နေစိတ်ထားများ မျှဝေဖြန့်ဖြူးပေးနိုင်ရန် လိုအပ်လျက်ရှိပေသည်။ လူသားတို့ကို စိတ်နေစိတ်ထားကို ထိန်းမတ်ပြုပြင်ရေးအတွက် စာအုပ်စာစောင်များမှာ အသင့်လျော်ဆုံးနှင့် အကောင်းမွန်ဆုံးသော ဆေးတစ်ပါးဖြစ်ပေသည်။ ထို့ကြောင့်ပင် စာပေဖတ်ရှုနိုင်သည့်အခြေအနေ အခွင့်အလမ်းများပိုမိုဖန်တီးပေးရန်နှင့် စာဖတ်သူဦးရေပိုမိုတိုးပွားလာစေရေးဆောင်ရွက်ရန်မှာမိမိတို့လူ့အသိုက်အဝန်း တစ်ခုလုံးအတွက် အလိုအပ်ဆုံးနှင့် အရေးအကြီးဆုံးလုပ်ရှားမှုအဖြစ် သုံးသပ်တွေ့မြင်နိုင်ပေသည်။

ထိုအခြေအနေတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် မိမိတို့လူ့အသိုက်အဝန်းကို တတ်စွမ်းသမျှ စာပေဖြင့် ထိန်းသိမ်းတည့်မတ် ပျိုးထောင်ပေးရန်ကြိုးပမ်းအားထုတ်လျက်ရှိသည်ကိုတွေ့ရသည်မှာ လွန်စွာပင် ပီတိဖြစ်ဖွယ်ရာ ကောင်းလှပေသည်။ စာရေးသူမှာ စာပေဖြင့် အသက်မွေးဝမ်းကျောင်း ပြုခွင့်ရထားသူဖြစ်၍ အမျိုးသားပြတိုက် နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲနှစ်ရပ်လုံးသို့ ဝမ်းမြောက်ပီတိကြီးစွာ တက်ရောက်ခွင့်ရခဲ့သည်။ ပထမအခမ်းအနားမှာ ၂၀၂၄ ခုနှစ် ဧပြီလ၃ ရက်တွင် နိုင်ငံတော်အကြီးအကဲနှင့်ဇနီး မိသားစုက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းခဲ့သည့် အခမ်းအနားဖြစ်သည်။ ယင်းအခမ်းအနားတွင်နိုင်ငံတော်အကြီးအကဲနှင့်ဇနီး မိသားစုက လူထုသိပ္ပံကျမ်း အတွဲ(၁၊ ၂၊ ၃) အတွက် အတွဲတစ်တွဲလျှင် စာအုပ် ၁၅၀၀ နှုန်းဖြင့် စာအုပ်ပေါင်း ၄၅၀၀ ကိုလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယင်းအခမ်းအနား၌ပင် ပြန်ကြားရေးဝန်ကြီးဌာနမှလည်း သုတရသစာအုပ် ၅၅၀၀ ကို လှူဒါန်းခဲ့သဖြင့် စုစုပေါင်းလှူဒါန်းခဲ့သည့် စာအုပ်အရေအတွက်မှာ စာအုပ်ပေါင်း ၁၀၀၀၀ တိတိရှိခဲ့သည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့ရှိခဲ့ရသည်။

ဒုတိယအခမ်းအနားမှာ ၂၀၂၄ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားဖြစ်သည်။ ယင်းအခမ်းအနား၌ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ရင်း/တပ်ဖွဲ့/ဌာနချုပ်များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြင်ပအလှူရှင်များက အလှူငွေကျပ် သိန်းပေါင်း ၅၆၀၀၈၇၅၀၀ ကျပ်နှင့် သုတရသ စာအုပ်စာစောင် ၄၈၃၅၇ အုပ် လှူဒါန်းခြင်းအခမ်းအနားဖြစ်သည်။ ယင်းအခမ်းအနားနှင့် တစ်ချိန်တည်းတစ်ပြိုင်တည်းကျင်းပခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဆင့် အဖွဲ့အစည်းများ၏ အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားမှလည်း ငွေကျပ်သိန်းပေါင်း ၄၂၅၀၇၇၉၅၀ ကျပ်နှင့် သုတရသစာအုပ်စာစောင် ၃၀၈၅၄ အုပ်လှူဒါန်းခဲ့ကြောင်းလည်းသိရသည်။ ထို့ကြောင့် စုစုပေါင်းလှူဒါန်းမှုအနေဖြင့် ငွေကျပ်သိန်းပေါင်း ၉၈၅၁၆၅၄၅၀ ကျပ်နှင့် သုတရသစာအုပ်စာစောင်ပေါင်း ၇၉၂၁၁ အုပ် မကြုံစဖူးလှူဒါန်းခဲ့ကြခြင်းဖြစ်သည်ကို အံ့သြဝမ်းမြောက်ဖွယ်ရာတွေ့ရပေသည်။

စာမျက်နှာ ၁၃ သို့ ♦

♦ စာမျက်နှာ ၁၂ မှအဆက်

စာအုပ်စာစောင်များ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရင်တွင်းလာ စေတနာသြဝါဒများစွာကို ကြားနာမှတ်သားခွင့်လည်းရရှိခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်က "စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်ကြောင်း" ပြောကြားသည်။ ယင်းအပြင် နိုင်ငံတော်ဝန်ကြီးချုပ်က လူထုသိပ္ပံကျမ်း စာအုပ်များကို လှူဒါန်းခဲ့သည့်အခမ်းအနားတွင် "စာအုပ်စာပေဆိုသည်မှာ မည်မျှပင် ကာလကြာရှည်က ထုတ်ဝေခဲ့သည်ဖြစ်စေ မဖတ်ရ၊ မလေ့လာရသေးပါက အသစ်ပင်ဖြစ်ကြောင်း၊ ယခုလှူဒါန်းသည့် စာအုပ်များသည် လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ကျော်က ဆိုသော်လည်း ယနေ့ခေတ်လူငယ်များ မသိနိုင်သေးသည့် အကြောင်းအရာများစွာပါဝင်ကြောင်း၊ မိမိပင်လျှင် တချို့မသိကြောင်း၊ စာအုပ်၏ တန်ဖိုးကိုဖော်ပြ၍ရသော်လည်း စာဖတ်သူတို့ရသည့်အသိက တန်ဖိုးမဖြတ်နိုင်လောက်အောင် အကျိုးရှိမည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားသွားခဲ့သည်။

အချုပ်အားဖြင့်ဆိုရပါမူ အတန်းပညာများ သင်ယူခြင်းသည် အနာဂတ်နိုင်ငံတော်နှင့် အနာဂတ်လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ်လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်ကို ဖန်တီးတည်ဆောက်ခြင်းပင်ဖြစ်သည်။ ပိုမိုကောင်းမွန်ပြီး ပိုမိုထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ဖန်တီးမည်ဆိုက ကျောင်းစာအတန်းစာများကို ပြီးမြောက်အောင် သင်ကြားစေရုံမျှဖြင့် လုံလောက်နိုင်မည်မဟုတ်ဘဲ လူတိုင်းကိုယ်စီက မိမိတို့ပင်ကိုအသိ၊ ပင်ကိုဆန္ဒဖြင့် သီးသန့်အချိန်ပေးစာဖတ်ကြသည့် တတ်သိပညာကြွယ်ဝသော လူ့အသိုက်အဝန်းတစ်ရပ်ဖြစ်လာရန် လိုအပ်သည်။ ထို့ကြောင့်ပင် မိမိတို့နိုင်ငံသားတိုင်း ပင်ကိုအသိ၊ ပင်ကိုဆန္ဒဖြင့် စာဖတ်ကြပြီး **လမင်းသို့ထိန် သူရိန်သို့လင်းကြသော** တတ်သိပညာကြွယ်ဝသူများဖြစ်တည်လာနိုင်ပါစေကြောင်း ဆန္ဒမွန်ဖြင့် ဂုဏ်ပြုဖော်ညွှန်း ရေးသားအပ်ပါသည်။ ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နှစ်ဦးအတာကောင်းမှုဖြာ

➢ ညာကျင်ရွှက်ရင့်၊ ဂုဏ်တင့်မြေပြင်
ရွှက်နုဖူးသစ်၊ မြနှစ်စိမ်းစိုရွှင်
နှစ်ဦးသဘင်၊ သန့်စင်တန်ခူး
ထူးမြတ်ချိန်ခါ၊ မင်္ဂလာ
ပြည်ရွာအေးရိပ်ထူးသည်နှင့်လေး။

➢ ကံ့ကော်ပွင့်ဦး၊ တန်ခူးရာသီ
ရွှေရည်လန်းဆန်း၊ ပန်းပိတောက်ပီပီ
ငုလည်းဝေစည်၊ ခါမိစိမ်းလန်း
သင်္ကြန်သစ္စာ၊ ခိုင်မြဲကာ
သန့်စွာပြည်နှံ့ လွှမ်းသည်နှင့်လေး။

➢ ခါနွေသစ်ဆန်း၊ ရေဖျန်းအတာ
နှံ့သာရည်ဆွတ်၊ ဦးညွှတ်ယဉ်ပေရှာ
ညစ်ကြေးဘယာ၊ ကင်းကွာသန့်ရှင်း
အတာသင်္ကြန်၊ တူးပို့သံ
မိုးယံတေးချင်း ခွင်းသည်နှင့်လေး။

➢ ဖြူစင်စိတ်ရင်း၊ ပြိုင်ကင်းသဒ္ဒါ
ဒါနကောင်းမှု၊ ပေါင်းစုလို့တည်ကာ
စတုဒိသာ၊ ကျွေးရာစည်ကား
ဆွမ်းသင်္ကန်းလှူ၊ သီလယူ
ရှင်လူဘာဝနာ ပွားသည်နှင့်လေး။

➢ သက်ကြီးသူများ၊ လေးစားကြင်နာ
ခြေသည်းလက်သည်း၊ လှီးမြဲကုသိုလ်ရှာ
ခေါင်းလျှော်ပေးကာ၊ သန့်စွာရေချိုး
နွားငါးလွှတ်တာ၊ ဝေးဘယာ
မေတ္တာကောင်းကျိုး ပျိုးသည်နှင့်လေး။

➢ ဖမိဘွားဘိုး၊ ရှိခိုးပူဇော်
အလှူရေစက်၊ မပျက်သာဓုခေါ်
တာကူးခါတော်၊ နွဲပျော်ကြည်နူး
ဓလေ့ခိုင်မာ၊ မွေ့စဉ်လာ
ရိုးရာရွှင်မြူး ထူးသည်နှင့်လေး။

➢ နှစ်ဦးချိန်ခါ ကောင်းမှုဖြာ
ကြည်သာထွေးတော့သည်။
တန်ခူးထိန်ဝါ တောင်းဆုမှာ
ပြည်ရွာအေးတော့သည်။ ။

**မောင်မင်းသိမ်း(သရက်)**

## ၁၁-၄-၂၀၂၄ မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ငစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၇၈၀၀ | ၃၆၀၀ | ၂၆၀၀ | ၁၅၀၀၀-၁၅၂၀၀ | ၃၀၀၀ | ၁၂၀၀၀-၁၂၅၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၁၀၀၀၀ | ၂၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၃၈၀၀-၄၃၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၂၈၀၀-၃၅၀၀ | ၁၇၀၀၀-၁၉၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၂၀၀ | ၄၃၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

လန်ဒန်၊ ဘောလုံး

## ပီအက်စ်ဂျီအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းတိုက်စစ်မှူး လူးဝစ်ဒီယက်ဇ်ကိုခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်

ပီအက်စ်ဂျီအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းတိုက်စစ်မှူး လူးဝစ်ဒီယက်ဇ်ကိုခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် လူးဝစ်ဒီယက်ဇ်သည် ၂၀၂၂ ခုနှစ်က ပေါ်တိုအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး လီဗာပူးအအသင်း၌ အကောင်းဆုံးခြေစွမ်းပြကစားနိုင်သော်လည်း လီဗာပူးအသင်းက ပြောင်းရွှေ့ကြေးအသုံးစရိတ်အတွက် အသင်းမှ ကစားသမားတချို့ကို ရောင်းချရန်ပြင်ဆင်နေပြီး ရောင်းချမည့်ကစားသမားစာရင်းတွင် လူးဝစ်ဒီယက်ဇ်ပါဝင်နေခြင်းဖြစ်သည်။



လီဗာပူးအသင်းသည် အသင်းတိုက်စစ်ပိုင်းတွင် ဆာလက်ချ်၊ နူနက်စ်၊ ဂျိုတာ၊ ဂက်စ်ပို စသည့်ကစားသမားများရှိနေသောကြောင့် လူးဝစ်ဒီယက်ဇ်ကို ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းက ယခုဘောလုံးရာသီအကုန်တွင် အသင်းမှ အဓိကတိုက်စစ်ကစားသမားတစ်ဦးဖြစ်သော အမ်ဘတ်ပီကို လက်လွှတ်ရမည်ဖြစ်သည့်အတွက် လက်ရှိအချိန်ကတည်းက အစားထိုးရန် ကစားသမားရှာဖွေမှုများပြုလုပ်နေပြီး အစောပိုင်းက မန်ယူအသင်းတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကိုခေါ်ယူရန် စီစဉ်နေသော်လည်း မန်ယူအသင်းက ရောင်းချရန် အစီအစဉ်မရှိသောကြောင့် လူးဝစ်ဒီယက်ဇ်ကိုခေါ်ယူရန် ဆွေးနွေးနေခြင်းဖြစ်သည်။

လီဗာပူးအသင်းက လူးဝစ်ဒီယက်ဇ်ကို သင့်လျော်သောပြောင်းရွှေ့ကြေးရရှိပါက ရောင်းချမည်ဟု ကြေညာထားသည့်အတွက် ပီအက်စ်ဂျီအသင်းတာဝန်ရှိသူများက လက်ရှိတွင် လူးဝစ်ဒီယက်ဇ်၏အေးဂျင့်ဖြစ်သူနှင့် စတင်ဆွေးနွေးမှုများပြုလုပ်နေပြီး ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိပါက လီဗာပူးအသင်းနှင့် ထပ်မံဆွေးနွေးမည်ဖြစ်သည်။

လူးဝစ်ဒီယက်ဇ်သည် ယခုဘောလုံးရာသီတွင် အသင်းနှင့် ပြိုင်ပွဲစုံ ၄၂ ပွဲပါဝင်ကစားထားပြီး ၁၃ ဂိုး သွင်းယူထားကြောင်း သိရသည်။

***Ref;The Telegraph***

လန်ဒန်၊ ဘောလုံး

## ဘရိုက်တန်အသင်းက လူငယ်ကစားသမား ဂျက်ဟင်ရှယ်ဝုဒ်ကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

ဘရိုက်တန်အသင်းက အသင်းမှ လူငယ်ခံစစ်ကစားသမား ဂျက်ဟင်ရှယ်ဝုဒ်ကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၁၈ နှစ်အရွယ် ဂျက်ဟင်ရှယ်ဝုဒ်သည် ဘရိုက်တန်အသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၂ ခုနှစ်က အသင်းနှင့်စာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။

ဂျက်ဟင်ရှယ်ဝုဒ်သည် ယခုဘောလုံးရာသီတွင် စီနီယာကစားသမားများကိုကျော်ဖြတ်ကာ အဓိကခံစစ်ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိနေသူဖြစ်ပြီး အသင်းနှင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၂ ပွဲ ပါဝင်ကစားခွင့်ရရှိကာ သုံးဂိုးသွင်းယူနိုင်သည်အထိ ခြေစွမ်းပြလျက်ရှိသည့်အတွက် ထိပ်တန်းအသင်းကြီးများက စောင့်ကြည့်နေသဖြင့် ဘရိုက်တန်အသင်းက လက်မလွှတ်လိုသောကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဂျက်ဟင်ရှယ်ဝုဒ်သည် ပြီးခဲ့သည့်ဖေဖော်ဝါရီလ ၃ ရက်က ကစားသည့် ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သောကြောင့် အနားယူနေရကြောင်း သိရသည်။

***Ref;Fabrizio Romano***

လန်ဒန်၊ ဘောလုံး

## ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုနှင့် အာဆင်နယ်အသင်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုရေးကို ဦးစားပေးလုပ်ဆောင်မည်ဖြစ်ကြောင်း အေးဂျင့်ဖြစ်သူအတည်ပြု

အာဆင်နယ်အသင်း အေးဂျင့်ဖြစ်သူ ဆန်းတို့စ်က ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟို၏အနာဂတ်အတွက် အသင်းနှင့်လမ်းခွဲရေးထက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီး အသင်းတွင်ဆက်လက်ကစားရန်သာ ဦးစားပေးလုပ်ဆောင်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

အသက် ၃၂ နှစ်အရွယ် ဂျော်ဂျင်ဟိုသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက ချယ်လ်ဆီးအသင်းမှ အာဆင်နယ်အသင်းထံ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

အစောပိုင်းက ဂျော်ဂျင်ဟိုသည် အာဆင်နယ်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပါက သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်မဟုတ်ဘဲ စီးရီးအေကလပ်အသင်းများထံ ပြောင်းရွှေ့ကစားရန် ပြင်ဆင်နေပြီး ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ ဂျော်ဂျင်ဟိုက ၎င်း၏အနာဂတ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂျော်ဂျင်ဟို၏အေးဂျင့်ဖြစ်သူ ဆန်းတို့စ်က"ဇွန်လအကုန်မှာ ဂျော်ဂျင်ဟိုနဲ့ အာဆင်နယ်အသင်းတို့စာချုပ်သက်တမ်းကုန်ဆုံးမှာပါ။ အစောပိုင်းက သူနဲ့ပတ်သက်ပြီး သတင်းတွေအမျိုးမျိုးထွက်ပေါ်နေပါတယ်။ မကြာခင် အာဆင်နယ်အသင်းက တာဝန်ရှိသူတွေနဲ့တွေ့ဆုံပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုဖို့အတွက် ဆွေးနွေးသွားမှာပါ။ သူက အာဆင်နယ်အသင်းနဲ့လမ်းခွဲရေးထက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုဖို့ ဦးစားပေးလုပ်ဆောင်မှာပါ" ဟု ပြောသည်။

***Ref;The Athletic***

လန်ဒန်၊ ဘောလုံး

## ကွင်းလယ်ကစားသမား ရိုမီယိုလတ်ဗီးယား ဒဏ်ရာကြောင့် ယခုဘောလုံးရာသီကုန်အထိ အနားယူရမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းကြေညာ


ချယ်လ်ဆီးအသင်းသည် အသင်းမှ ကွင်းလယ်ကစားသမား ရိုမီယိုလတ်ဗီးယားအနေဖြင့် ပေါင်ကြွက်သားဒဏ်ရာကြောင့် ယခုဘောလုံးရာသီကုန်အထိ အနားယူရမည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၂၀ နှစ်အရွယ် ရိုမီယိုလတ်ဗီးယားသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဆောက်သမ်တန်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၈ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။

ရိုမီယိုလတ်ဗီးယားသည် ယခုဘောလုံးရာသီတွင် ဆောက်သမ်တန်အသင်း၌ ကစားစဉ်ကတည်းက ရရှိသည့် ပေါင်ကြွက်သားဒဏ်ရာကြောင့် အနားယူနေခဲ့ရပြီး ဒဏ်ရာမှပြန်လည်သက်သာလာပြီးနောက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ချယ်လ်ဆီးအသင်းက ပဲလေ့စ်အသင်းကို ၂ ဂိုး-၁ ဂိုးဖြင့်အနိုင်ရရှိခဲ့သည့် ပွဲစဉ်၌ ပွဲချိန် ၅၈ မိနစ်တွင် လူစားဝင်ခဲ့ပြီး ချယ်လ်ဆီးအသင်းအတွက် ပထမဆုံးပွဲစဉ်အဖြစ် စတင်ကစားခဲ့သော်လည်း အဆိုပါပွဲစဉ်အပြီး လေ့ကျင့်ရေးအစီအစဉ်တွင် ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် ကာလရှည်ထပ်မံအနားယူခဲ့ရခြင်းဖြစ်သည်။

ရိုမီယိုလတ်ဗီးယားအနေဖြင့် ကာလရှည်အနားယူနေရသော်လည်း ဒဏ်ရာမှာ သက်သာခြင်းမရှိသေးပေ။ ၎င်းသည် ယခုဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် ပွဲချိန် ၃၂ မိနစ်သာပါဝင်ကစားနိုင်ခဲ့ကြောင်း သိရသည်။

***Ref;The Guardian***



နေပြည်တော် ဧပြီ ၁၁

# ဒုတိယအကြိမ် ရုရှား-မြန်မာ ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေးကျင်းပ



ဒုတိယအကြိမ်မြောက် ရုရှား-မြန်မာ ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်လာသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ရုရှားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရုရှားတပ်မတော် ဒုတိယကြည်းတပ်ဦးစီးချုပ် Lieutenant General Matovnikov Alexander Anatolyevich က နွေးထွေးလှိုက်လှဲစွာကြိုဆိုစဉ်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးနယ်ပယ်တွင် တုံ့ပြန်မှုများ လျင်မြန်စွာပြုလုပ်နိုင်ရန် ရည်ရွယ်၍ ဒုတိယအကြိမ်မြောက် ရုရှား-မြန်မာ ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေးပထမရက်အား ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ရှိ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ကော်မတီဝင်မြန်မာ့တပ်မတော်မှ အရာရှိကြီးများတက်ရောက်ကြပြီး ရုရှားဘက်မှ ရုရှားတပ်မတော် ဒုတိယကြည်းတပ်ဦးစီးချုပ် Lieutenant General Matovnikov Alexander Anatolyevich နှင့် ကော်မတီဝင် ရုရှားတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။



ဒုတိယအကြိမ်မြောက် ရုရှား-မြန်မာ ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေး ပထမရက် ကျင်းပစဉ်။


ရုရှားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရုရှားတပ်မတော် ဒုတိယကြည်းတပ်ဦးစီးချုပ် Lieutenant General Matovnikov Alexander Anatolyevich က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးလှိုက်လှဲစွာကြိုဆိုခဲ့ပြီး မကြာမီကကျရောက်ခဲ့သည့် မြန်မာ့တပ်မတော်၏ (၇၉)နှစ်မြောက် တပ်မတော်နေ့နှင့် မကြာမီကျရောက်မည့် နှစ်သစ်ကူးသင်္ကြန်အခါသမယအတွက် ဂုဏ်ပြုစကားနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလျက်ရှိပါကြောင်းနှင့် နည်းလမ်းမျိုးစုံဖြင့် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများကိုလည်း နှစ်နိုင်ငံ ပူးပေါင်း၍ လျင်မြန်စွာတုံ့ပြန်တိုက်ဖျက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များအနေဖြင့် အကြမ်းဖက်တိုက်ဖျက်မှုဆိုင်ရာနည်းလမ်းအား အသေးစိတ်ဆွေးနွေးခဲ့ကြပြီး မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးစိတ်ဓာတ်ဖြင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ထပ်လောင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရုရှားတပ်မတော် ဒုတိယကြည်းတပ်ဦးစီးချုပ် Lieutenant General Matovnikov Alexander Anatolyevich က မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရုရှားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရုရှားတပ်မတော် ဒုတိယကြည်းတပ်ဦးစီးချုပ် Lieutenant General Matovnikov Alexander Anatolyevich က မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

ကျောဖုံးမှအဆက်

၃၆၅၅၅ ဦးအထိ လာရောက်လည်ပတ်ခဲ့ပြီး မတ်လ ၁ ရက်မှ ၃၁ ရက်အထိ ခရီးသွားဧည့်သည် ၃၈၉၅၅ ဦးအထိ လာရောက်လည်ပတ်ခဲ့သည်။

"ငွေတောင်ကမ်းခြေက မြတ်မော်တင်စွန်းစေတီအနီးမှာ ရှိပါတယ်။ ပြီးခဲ့တဲ့မတ်လက ဘုရားပွဲကာလဖြစ်တာကြောင့် ဘုရားဖူးလာရင်း အပန်းဖြေတဲ့သူတွေများခဲ့ပါတယ်။ မတ်လအတွင်း ခရီးသွားဧည့်သည် ၄၀၀၀၀ နီးပါးအထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ ကမ်းခြေကို လာရောက်လည်ပတ်တဲ့ဧည့်သည်တွေကတော့ ဒေသတွင်းခရီးသွားတွေအပြင် ရန်ကုန်နဲ့ နေပြည်တော်ဘက်ကလာတဲ့ ခရီးသွားတွေလည်းရှိခဲ့ပါတယ်။ သင်္ကြန်ပိတ်ရက်မှာ အခုထက် ခရီးသွားဧည့်သည်တွေ ပိုပြီးများလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု ဒေါ်နီနီမာကပြောသည်။

ငွေတောင်ကမ်းခြေကို မတ်လအတွင်း လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးဖြစ်ကြောင်း၊ အဆိုပါ ကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ခရီးသွားဧည့်သည်များ သွားလာမှုအဆင်ပြေစေရန်၊ ကမ်းခြေသန့်ရှင်းမှုရှိစေရန်၊ ခရီးသွားများ စိတ်အေးချမ်းသာစွာ အနားယူနိုင်စေရန် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံများ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅° C | / | ၃၉° C |
| ရန်ကုန် | ၂၃° C | / | ၄၀° C |
| မန္တလေး | ၂၈° C | / | ၄၀° C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် ဧပြီ ၁၁

# နေပြည်တော်လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအတွက် အစမ်းလေ့ကျင့်ဆောင်ရွက်နေမှုနှင့် ဇုန်များအလိုက်ပြင်ဆင်ဆောင်ရွက်ထားမှုများအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာလမ်းဆုံဧရိယာအထိကျင်းပမည့် နေပြည်တော်လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားအတွက် အစမ်းလေ့ကျင့်ဆောင်ရွက်နေမှုနှင့် ဇုန်များအလိုက် ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော် လမ်းလျှောက်သင်္ကြန်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းနှင့်ဝန်ကြီးဌာနကိုယ်စားပြုယိမ်းအကအဖွဲ့များက သင်္ကြန်မိုးသီချင်းဖြင့်ကပြဖျော်ဖြေ၍ အစမ်းလေ့ကျင့်ဇာတ်တိုက်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း မြန်မာ-ကိုရီးယားနှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရန်နှင့် ပြည်သူများအား ဖျော်ဖြေတင်ဆက်ရန်အတွက် လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်၌ သီဆိုကပြဖျော်ဖြေကြမည့် ကိုရီးယားနိုင်ငံမှ K-Pop အဆိုတော်များဖြစ်ကြသည့် Rejen၊ Henny နှင့် 7kids Dream Group၊ Astel Dance Group၊ DJ- Saemi တို့က လာရောက်ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ပြီး နေပြည်တော်လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားအစမ်းလေ့ကျင့်သည့် ယိမ်းအကအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ ယိမ်းအကများလိုက်ပါသီဆိုကပြကြသည်။

ယင်းနောက် ဝန်ကြီးဌာနများအလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်ရေကစားမဏ္ဍပ်များ၊ တိုင်းရင်းသားရိုးရာရေကစားမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်၊ ရုရှား-မြန်မာချစ်ကြည်ရေးအသင်းမဏ္ဍပ်နှင့် တရုတ် - မြန်မာ - အိန္ဒိယချစ်ကြည်ရေးမဏ္ဍပ်များ၌ ဝန်ထမ်းများနှင့် ပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စွာ ရေပက်ကစားနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှု၊ စတုဒိသာကျွေးမွေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဇုန်လေးဇုန်ဖြစ်သည့် တိုင်းရင်းသားသင်္ကြန်၊ စတုဒိသာသင်္ကြန်၊ ဝန်ကြီးဌာနသင်္ကြန်နှင့် လူငယ်သင်္ကြန်တို့တွင် လည်ပတ်အပန်းဖြေအနားယူနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားမှု၊ ဝန်ကြီးဌာနအလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်ရေကစားမဏ္ဍပ်များ၌ ဖျော်ဖြေကြမည့် ဝန်ကြီးဌာနယိမ်းအဖွဲ့များ အစမ်းလေ့ကျင့်ကပြသီဆိုဖျော်ဖြေမှု၊ အစမ်းလေ့ကျင့်ရေပက်ကစားနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းလျှောက်သင်္ကြန်ကျင်းပမည့်ဧရိယာအတွင်း ရေပြတ်တောက်မှုမရှိစေရေးစီမံဆောင်ရွက်ထားကြရန်၊ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်နှင့် လုံခြုံရေးပိုင်းကိုလည်း အထူးဂရုစိုက်၍ လစ်ဟာမှုမရှိအောင် စနစ်တကျဆောင်ရွက်ထားရှိရန် မှာကြားသည်။



**ယခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများ စုပေါင်းပျော်ရွှင်စွာဆင်နွှဲနိုင်စေရန် လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်၌ ပြည်တွင်းမှ နိုင်ငံကျော်အနုပညာရှင်များနှင့် ကိုရီးယားနိုင်ငံမှ သရုပ်ဆောင်၊ K-Pop အဆိုတော်များက ပရိသတ်အကြိုက်တေးသီချင်းများကို Music Band ၊ DJ ပညာရှင်များနှင့်တွဲဖက်၍ ဖျော်ဖြေသွားကြမည်**ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဉာဏသိဒ္ဓိမိသားစုမဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင်လည်း နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေတက်ဆက်မှုများအပြင် စတုဒိသာအကျွေးအမွေးများဖြင့်လည်း ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် **ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းမဏ္ဍပ်၌ ရုရှားနိုင်ငံမှ လူငယ်အနုပညာရှင်အဖွဲ့များက တေးသီချင်းများသီဆိုဖျော်ဖြေသွားမည်ဖြစ်ပြီး တရုတ်-မြန်မာ- အိန္ဒိယ ချစ်ကြည်ရေးမဏ္ဍပ်တွင်လည်း နေ့စဉ်စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးသွားမည်**ဖြစ်ကြောင်း သိရသည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလအတွင်း နေပြည်တော်ရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများ စုပေါင်းပျော်ရွှင်စွာဆင်နွှဲနိုင်စေရန်၊ ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှု၊ ပြည်သူနှင့် အစိုးရ၏ ပေါင်းစည်းမှုနှင့် တစ်သားတည်းဖြစ်မှုတို့ကို ဖော်ဆောင်သည့် ပွဲတော်တစ်ခုအဖြစ်ပြသရန် ရည်ရွယ်၍ သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီလ ၁၃ ရက် ဖွင့်ပွဲအခမ်းအနားအပါအဝင် ဧပြီလ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၁၁

# မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်မှ ဝါစိုက်တောင်သူများနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုး တွေ့ဆုံ



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပဲ့ကန်ကျေးရွာအုပ်စုအတွင်း ဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပန်းတိုင်အထွက်နှုန်းရရှိရန် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ သွင်းအားစု၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ကူညီပံ့ပိုးပေးနိုင်ရေး၊ ဈေးကွက်ဖော်ဆောင်ပေးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၈) အထည်စက်ရုံ၌ စက်ရုံတာဝန်ခံက စက်ရုံလည်ပတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သမဝါယမစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မည့် ဝါများကို နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စက်ရုံများ၌ ကြိတ်ခွဲထုတ်လုပ်နိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားပြီး စက်ရုံအတွင်း ဝါဂွမ်းမှ ၁/၄၀ ချည် ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပျော်ဘွယ်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြတ်နိုးတန်ဖိုးထားသော ဝန်ထမ်းဘဝမြင့်မားတိုးတက်ရေး ကြိုးစားကြရန် တိုက်တွန်းမှာကြားပြီး ပျော်ဘွယ်မြို့ မန်းရတနာပုဂ္ဂလိကလုပ်ငန်းရှင် ဒေါ်စန်းစန်းလင်း၏ ဝါကြိတ်စက်ရုံလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကုန်ကြမ်းများရရှိရေး၊ စက်ရုံစွမ်းအားပြည့်လည်ပတ်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၁၁

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HONGQI EQM5 အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Asia Pacific Automaker Corporation Co.,Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG NISSAN အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD SEAGULL အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း သိရသည်။ **(သတင်းစဉ်)**



နေပြည်တော် မေ ၁၁

# အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)သို့ ရောက်ရှိပြီး ရေသန့်စင်အလုပ်ရုံ၊ အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံ၊ Direct Reduction Plant၊ သံတိုသံစများစုပုံကွင်း၊ သံရည်ကျိုအလုပ်ရုံ၊ စက်မှုလုပ်ငန်းပြုပြင်ရေးအလုပ်ရုံ၊ မီးခံအုတ်များ၊ စက်ပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်းများထားရှိသည့် သိုလှောင်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက သံ၊ သံမဏိများအား ပြည်တွင်းသုံးစွဲမှုဖူလုံရေးအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးနေသည့် သံမဏိစက်ရုံကြီးဖြစ်သဖြင့် ထုတ်လုပ်မှုလုပ်ငန်းများရပ်တန့်မှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အကြောင်းအမျိုးမျိုးကြောင့် ထုတ်လုပ်မှုရပ်ဆိုင်းသွားပါက အမြန်ဆုံးပြန်လည်စတင်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော စက်နှင့်စက်အရန်ပစ္စည်းများ ကြိုတင်ဝယ်ယူစုဆောင်းထားရှိကြရန်၊ ထို့ပြင် မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များအတွက်လည်း ကြိုတင်မြော်တွေးစီစဉ်ဆောင်ရွက်ထားရှိရန်။

ယခုနှစ် ဘဏ္ဍာငွေလျာထားချက်ပြည့်မီအောင် ဆောင်ရွက်မည့်အစီအမံများကို လက်တွေ့ကျကျရေးဆွဲဆောင်ရွက်ရန်၊ စက်နှင့် စက်ပစ္စည်း၊ ကုန်ကြမ်းဝယ်ယူရေးဆောင်ရွက်ရာတွင်လည်း သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြရန်၊ စက်ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်သည့်လုပ်ငန်းများ အပ်နှံရာတွင် ကျွမ်းကျင်ပညာရှင်များသည် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး အင်ဂျင်နီယာဝန်ဆောင်မှု အသိအမှတ်ပြုလက်မှတ်ရရှိပြီးသော ကုမ္ပဏီများကိုသာ စိစစ်ရွေးချယ်၍ လုပ်ငန်းအပ်နှံဆောင်ရွက်ရန်၊ ရရှိပြီးသော ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်း၊ စက်ပစ္စည်း၊ စက်ရုံ၊ စာရွက်စာတမ်း၊ သတင်းလုံခြုံမှုရှိစေရေး အထူးအလေးထားဆောင်ရွက်ရန်၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)တွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် အင်ဂျင်နီယာများသည် ဘာသာရပ်ဆိုင်ရာနယ်ပယ်အသီးသီးတွင် တတ်မြောက်ကျွမ်းကျင်သည့် ပညာရှင်များဖြစ်သဖြင့် တွေ့ကြုံရမည့် အခက်အခဲများကို စုပေါင်းအားဖြင့် ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအနေဖြင့် နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၁၁

# ဝန်ကြီးဌာနမှ နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ပါဝင်ဆင်နွှဲရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအား ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကြည့်ရှုစစ်ဆေး



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ဝန်ကြီးဌာနမှ ပါဝင်ဆင်နွှဲရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ဝန်ကြီးဌာနမှဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စွာရေကစားနိုင်ရန်အတွက် မဏ္ဍပ်တည်ဆောက်နေမှု၊ စတုဒိသာကျွေးမွေးနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ရေပက်လောင်းရန်ပြင်ဆင်ထားမှု၊ ရေပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်ထားရှိမှု၊ ယိမ်းအဖွဲ့ဖျော်ဖြေကပြရန် စီစဉ်ထားရှိမှု၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် သင်္ကြန်ပွဲတော်သို့ လာရောက်သူများအတွက် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်စီမံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၁၁

# မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄)ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြီးခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)မှ ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းအစီအမံများ အကောင်အထည်ဖော်ပြီးစီးမှုကို ယခုနှစ် ညီလာခံတွင် ကဏ္ဍအလိုက်တင်ပြရေး၊ ဝန်ကြီးဌာနများမှပေးပို့လာသည့် ညီလာခံခေါင်းစဉ် (Main Theme) နှင့် ဆွေးနွေးပွဲခေါင်းစဉ်(Sub-Themes) များကို အတည်ပြုရေးဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင် Sub-Themes အလိုက် စာတမ်းပါဝင်ဖတ်ကြားနိုင်မှုအခြေအနေကိုလည်း ဆွေးနွေးလျာထားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် သင်ကြားသင်ယူမှုမြင့်တင်ရန်၊ ဆရာ၊ ဆရာမအရည်အသွေးမြင့်မားရေးအတွက် မွမ်းမံသင်တန်းများဖွင့်လှစ်ရန် လမ်းညွှန်မှုများရှိပါကြောင်း၊ အဆိုပါလမ်းညွှန်ချက်များကို အခြေခံ၍ ဝန်ကြီးဌာနများအနေဖြင့် ဆွေးနွေးအကြံပြုတင်ပြရန် တိုက်တွန်းပါကြောင်း၊ ပညာရေးညီလာခံ (၂၀၂၄)ကို ယခင်နှစ်ကဲ့သို့ အောင်အောင်မြင်မြင်သိုက်သိုက်ဝန်းဝန်းဖြင့် ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။



ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက ဝန်ကြီးဌာနများကပေးပို့လာသည့် အဆိုပြုချက်များကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနစသည့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)အတွက် ညီလာခံခေါင်းစဉ် (Main Theme) နှင့် ဆွေးနွေးပွဲခေါင်းစဉ်များ (Sub-Themes) များ၊ Sub-Themes အလိုက် စာတမ်းပါဝင်ဖတ်ကြားနိုင်မှုအခြေအနေများ၊ ဆွေးနွေးသင့်သည့်ခေါင်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအတည်ပြုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**အရက် ကွမ်း ဆေး ရောဂါပေး၍၊ ဆီ ဆား အချို အသက်တိုသည်။ လမ်းလျှောက် လေရှူ ရေသောက်ခြင်း၊ ကျန်းမာ ချမ်းသာ ရောဂါကင်း။**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

RELIGIOUS FESTIVAL

# Twantay Shwesandaw to host Sand Pagoda Festival



The New Year Sand Pagoda Festival will take place at Shwesandaw Pagoda in Twantay Township of Yangon Region on 17 April, the first day of the Myanmar New Year. The festival will feature traditional Shan dance performances.

Located on the eastern platform of the Shwesandaw Pagoda, this year marks the 459th Sand Pagoda Festival. U Sai Aung Sein Seng explained, "It's an annual event where Shan ethnic groups from four Shan villages in Twantay Township come together to celebrate.

The Sand Pagoda, built jointly by these villages, is displayed for two days at the Shwesandaw Pagoda platform before being toured to Shan villages. During the procession to the pagoda, locals perform traditional dances, and the same happens when they visit Shan villages."

Residents of four Shan villages — Shansugyi, Nyaungdaga, Muelaman, Ngakhan and Masan — collectively gather sand to construct the pagoda, adhering to measurements set by the Shan Literature and Culture Association (Twantay). The pagoda stands nine feet high.

The consecration ceremony of the Sand Pagoda will commence at 9 am on 17 April, with the participation of ten Sayadaws. In the evening, a group led by the Shan Literature and Culture Association will visit the homes of the elderly in four Shan villages to pay respects. **SK**

TOURISM

# Hotel rooms at Chaungtha, Ngwehsaung fully booked for Thingyan holidays



Most of the hotel rooms at Chaungtha and Ngwehsaung beaches were packed with bookings for the Thingyan holidays, according to some hotels.

Hotel rooms for the period from 13 to 16 April have been booked, and there are only a few rooms left, some hotels said.

Popular destinations include beaches like Chaungtha and Ngwehsaung, recently trending Ngwetaung beach, Kyaukkalat beach, and famous attractive sites such as Bagan, Inle and Taunggyi, while there are some outbound travels.

"No room is available for 13-14 April. Some are available for 15 and 16. It is a two-minute walk from the room to the beach. A double room with aircon costs Ks-120,000 and can accommodate three people. A triple room at Ks-150,000 can accommodate four people," said a service provider for renting hotels in Ngwehsaung.

Public interest in visiting Chaungtha and Ngwehsaung beaches together with other trips during Thingyan has been increasing. **SMK**

SOCIAL

# Plan underway to supply water to necessary areas in Mandalay Region

As now is time of summer with hotness, arrangements are being made to donate water to the areas with water scarcity, said U Zaw Win Tun, director of Mandalay Region Fire Services Department.

If the people from the areas with water scarcity in Mandalay Region demand drinking water, relevant fire stations will supply water to these regions in time. The department is ready to provide drinking water to the people from any regions in summer.

"The Fire Services Department supplies drinking water to the people as part of public welfare for solving their problems with the use of fire engines. If people contact relevant fire stations, the department will provide drinking water to them. But, some regions face water shortage in March and April. The department is ready to give help to them in any places," he added.

As El Nino affects year 2024 with higher temperature, water will be donated to necessary people for several times. The department is providing drinking water to necessary places. In 2023, the department donated 179,600 gallons of drinking water to the water scarcity areas in the region. **SMK**

WATER WAY

# Defile happens in Ayeyawady River near Pakokku

U Thein Khaing Win, Assistant Director of Mandalay Region Department of Water Resources and Improvement of River Systems, said that among three defiles in Ayeyawady River, one defile happens near Pakokkuu of Magway Region, according to the survey on water course.

The survey covered Mandalay, Letsaungyu and Pakokku water courses in Mandalay and TadaU townships starting from January 2024.

"Among three water courses, Letsaungyu water course does not have any defile but a defile happens near Pakokku," he continued.

As now is time of declining water level in Ayeyawady River, vessels are running in the defiling water courses amid sandbanks. Hence, passenger and cargo ships need to take care of driving from Mandalay to Pakokku.

"The water course survey aims to know defiles and sandbanks in the river at the decline of water level in Ayeyawady River," he added. **SK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

FESTIVAL


# Floating Thingyan Festival to be held at Inle Lake

In anticipation of the upcoming Thingyan water-throwing festival, Inle Lake in southern Shan State has made arrangements to donate rice to members of the Sangha and host Dhamma ceremonies. Furthermore, the festival will include water splashing from boats, musical entertainment, and traditional dances, as stated by U Htin Aung Naing, director of the Shan State Directorate of Hotels and Tourism. These festivities will last from the Akyo day of Maha Thingyan Festival to the Myanmar New Year Day on a grand scale.

Cities in southern and eastern Shan State will also set up pavilions for water splashing and entertainment.

The director remarked, “Shan State has experienced a significant increase in tourist arrivals throughout the year. For this year’s Thingyan celebration, we intend to organize grand festivities in Taunggyi, Kalaw, Inle, Aungban, Pindaya, Tachilek, and Kengtung. Additionally, we aim to revive the tradition of the floating water festival in Inle Lake from 13 to 16 April”.

**SK**



TOURISM

# Kawthoung expected to draw more visitors during Thingyan holidays

According to travel agencies, the number of visitors to the islands of Kawthoung is likely to be higher than the number of visitors to the Myeik Archipelago during this Thingyan period.

Moreover, the public interest is also high in major trips to Kawthoung Township, and the tours are fully booked.

“It is learnt that the visitors to Kawthoung will be high this year. The location is peaceful and provides the best services on private islands, aiming at attracting visitors rather than profits. The travel agents make bookings for air tickets in advance and arrange the two-way tickets and tours around the islands. It costs Ks-2.5 million per head to NyaungOoPhee Island and Macleod Island, but the arrivals of visitors are on the rise,” said a travel agent.

The travel agencies offer tours to islands from Yangon during the Thingyan period Ks-1.5million (Hotel, round ticket, food) per head for a two-night trip, Ks-5 million for a 10-people private night-stay trip from Myeik to Bailey island and Sparkling Bay.

“There is no one who makes bookings to visit the islands in Kyunsu Township of Myeik District. There are only about ten people who made bookings for the Thingyan period. It can be said that tourism in the Myeik Archipelago is at a minus. We make preparations for services. Currently, people come for business purposes, and there are no visitors who are there for pleasure. For the current fuel prices, we can send the visitors with speed boats if the number of people is less than ten. It is Ks-1.1 million for the Marcus island tour and Ks-2.3 million for the Bailey Sparkling Bay tour,” said an official from the Myeik District Tourism Entrepreneurs Association.

Although there were over 40 travel companies in the Myeik archipelago, there are now about ten companies.

During the first week of April, the public interest in visiting Kawthoung is higher than in the tours to Kyunsu Township in Taninthayi Region. The hotel bookings for tours in Kawthoung Township are fully reserved, while the bookings for tours in Kyunsu Township are declined.

**SK**

RUSSIA

# Russia's Angara-A5 space rocket puts accelerating bloc with payload into orbit

The Russian-made Angara-A5 space rocket launched from the Vostochny Cosmodrome on Thursday has put the Orion upper stage with a test payload into orbit, a Sputnik correspondent reported.

The space rocket was launched at 09:00 am GMT. The launch has been previously delayed for two days in a row.

Later on Thursday, the Orion upper stage successfully put the small Gagarinets satellite into low Earth orbit, Russian state space corporation Roscosmos said.


Russia successfully launches Angara-A5 space rocket.

The satellite, of the CubeSat 3U type, was manufactured by private Russian company Avant Space and is designed to test technologies for developing satellites, Roscosmos added.

"The Orion upper stage continues bringing test payload into target orbit," the corporation's statement read.

Russia plans to launch up to 15 Angara rockets in a decade with strategic objective of building national orbital station.

Since 2014, six Angara launches — three of light rockets and three of heavy ones — have taken place from the Plesetsk Cosmodrome in Russia's Arkhangelsk Region. A total of 16 Soyuz-2.1 rockets have been launched from the Vostochny Cosmodrome since 2016.

The Kremlin welcomes the launch of the Russian-made Angara-A5 space rocket.

"We join in congratulating our rocket workers who launched Angara. We are happy together with them," spokesman Dmitry Peskov told reporters.

Meanwhile, the Russian rocket and space industry still has a lot of work to do to ensure the reliability of the Angara rocket, which will launch a manned spacecraft in 2028.

"We still have a lot of work to do with this rocket to ensure its reliability. And in 2028, it will need to launch a manned spacecraft," Russian state space corporation Roscosmos head Yuri Borisov told reporters after the first launch of the Angara-A5 rocket from he Vostochny cosmodrome.

Angara-A5 rocket has launched a small, privately-produced Gagarinets satellite into orbit.

**Sputnik**

GERMANY

# Germany's Lufthansa suspends flights to Tehran until Thursday - spokesperson

German flag air carrier Lufthansa has suspended flights to and from Tehran until Thursday, a spokesperson for the company has said, citing security threats as the reason.

"Lufthansa], after a thorough evaluation, has decided to suspend flights to and from Tehran until Thursday, April 11, 2024 ... The safety of our guests and crew members is Lufthansa's top priority," German newspaper FAZ quoted the spokesperson as saying on Wednesday.

The spokesperson did not give specific reasons for suspending flights but said the decision was due to "the current situation in the Middle East."

In recent years, Lufthansa has suspended air service with Tehran several times - in particular, following the mass protests after the death of Iranian woman Mahsa Amini in 2022 and a drone attack on the city of Isfahan.

Iran's Islamic Revolutionary Guard Corps said seven of its members had been killed in the attack, including two commanders. The Syrian Health Ministry said the next day that the attack had also killed four Syrians and injured 13 more.

**Sputnik**

MALAWI

# 8 die in Malawi after consuming local "poisonous" alcohol

At least eight people have died in Blantyre, Malawi's commercial city, after consuming a locally made alcohol on Monday, police said on Wednesday.

Three others were admitted to the city's referral hospital, while one was discharged.

Joseph Sauka, police spokesperson for South West Region, told Xinhua by telephone that the "deadly" alcohol was locally produced from unspecified chemicals and that investigations were still underway to determine the supplier of the chemicals.

Meanwhile, police have begun confiscating the "poisonous concoction," and three people have been arrested so far for running the illegal business, according to Sauka.

Sauka said police are also engaging communities through community policing about the dangers of consuming uncertified beverages or food.

Director of Health and Social Services for Blantyre Gift Kawalazira confirmed to the local media that five people died on arrival at the city's Queen Elizabeth Central Hospital on Monday, while the rest died between Tuesday and Wednesday.

Kawalazira said the patients presented with diarrhea, blurred vision, labored breathing, and general body aches, and autopsies of their bodies revealed the presence of poison.

**Xinhua**

BANGLADESH

# Elephant bashes boy to death during zoo performance in Bangladesh

An elephant has bashed a boy to death at the Bangladesh National Zoo in Bangladesh's capital Dhaka.

The incident occurred around 10:30 a.m. local time on Eid day on Thursday, Private news agency bdnews24.com reported. The boy was the son of an elephant handler, said Jashim Uddin Molla, deputy commissioner of the Mirpur Division of police.

"Many people were visiting the zoo as part of their Eid celebrations," he said.

"The boy was with his father, the elephant handler, as they (the elephants) were showing off tricks like playing football. Suddenly, one of the elephants picked up the boy with its trunk and slammed him to the ground," the police official said.

The boy was rushed to a hospital, where a doctor on duty declared him dead, he said. The elephant has since been separated and kept under special scrutiny.

**Xinhua**

JAPAN

# 10 million yen gold bowl stolen from department store in Tokyo

A pure gold bowl priced at about 10 million yen (about 65,000 U.S. dollars) was stolen from a Tokyo department store on Thursday, with police seeking a man caught on camera taking the item, local media reported.

A store staff member noticed that the bowl was missing from its display around noon at a gold exhibition at Nihombashi Takashimaya Shopping Center in Tokyo and reported it to the police about 15 minutes later, Kyodo News reported, citing the Metropolitan Police Department.

The bowl was displayed under a clear plastic case without a lock, it said.

A surveillance camera caught a man in his 20s to 30s removing the bowl and placing it into his backpack at around 11:40 a.m. local time. He was wearing glasses and was in a sweatshirt, according to the police.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Are YOU unknowingly eating 'forever chemicals'? Shock study reveals up to 95 percent of fruit and vegetables sold in the UK contains toxic substances thought to cause cancer and damage the heart

- **A government testing programme checked fresh produce on sale in the UK**
- **Scientists find 'clear' proof the toxic chemicals can harm the heart**



A government testing programme checked fresh produce on sale in the UK, some of which had been imported from overseas. It found 95 percent of strawberries contained PFAS.

Strawberries top a list of fruits and vegetables from UK supermarkets found to contain potentially dangerous pesticide toxins.

The man-made substances, called PFAS, are known as 'forever chemicals' because they may never leave the body once they are consumed.

They are linked to serious health issues including cancer, high cholesterol, reduced kidney function, thyroid disease, low fertility, repressed immune system and low birth weight in babies.

They are also feared to affect growth, learning, and behaviour development in infants and children.

A government testing programme checked fresh produce on sale in the UK, some of which had been imported from overseas.

It found 95 percent of strawberries contained PFAS.

Other foods that contained the toxins included grapes (61 percent), cherries (56 percent), spinach (42 percent), tomatoes (38 percent) and peaches (38 percent).

They were also found in smaller percentages of other common products, such as two percent of the potatoes and apples that were tested by the Expert Committee on Pesticide Residues in Food.

PFAS chemicals are used in pesticides and household products such as non-stick frying pans, clothing, cosmetics, food packaging and fire extinguisher foam.

Nick Mole, from Pesticide Action Network UK (Pan UK), said: 'Given the growing body of evidence linking PFAS to serious diseases such as cancer, it is deeply worrying that UK consumers are being left with no choice but to ingest these chemicals, some of which may remain in their bodies long into the future.

'With some plastic food packaging also contaminated with PFAS, and PFAS present in UK drinking water and soil, we urgently need to develop a better understanding of the health risks associated with ingesting these 'forever chemicals' and do everything we can to exclude them from the food chain.'

PFAS, which stands for per- and polyfluoroalkyl substances, is a family of more than 10,000 chemicals.

Some may never degrade once they're in the environment or our bodies.

Traces of the chemicals are found in most water sources.

Small quantities are considered safe, though a separate study by the University of New South Wales yesterday found that 69 percent of global groundwater samples exceeded safe limits.

There are 25 PFAS pesticides currently in use in the UK, six of which are classified as 'highly hazardous'.

Pan UK is urging the government to ban them and support farmers to find safer alternatives.

Last year, the World Health Organization declared PFOA, a type of PFAS, a category-one human carcinogen.

There is particular concern over childhood exposure to the toxins as they have been linked to developmental delays, changes in behaviour and accelerated puberty.

Dr Shubhi Sharma, of the charity CHEM Trust, said: 'PFAS are a group of entirely human-made chemicals that didn't exist on the planet a century ago and have now contaminated every single corner.

'No one gave their consent to be exposed to these harmful chemicals, we haven't had the choice to opt out, and now we have to live with this toxic legacy for decades to come.

'The very least we can do is stop adding to this toxic burden by banning the use of PFAS.'

Toxic chemicals lurking in cookware, make-up and toiletries might be harming the heart, another study suggested today.

Scientists have for years warned about the dangers of perfluoroalkyl substances, or PFAS.

Dubbed 'forever chemicals' because they can linger in the environment for hundreds of years, they have been linked to everything from cancer to infertility.

But the latest evidence by Dutch and German researchers suggests that the impact of PFAS on human health could be even greater than suspected.

Tests showed 'clear' signs PFAS led to higher levels of 'harmful' blood lipids, such as cholesterol and other fatty substances.

Excess lipids or fats in the blood can increase the risk of heart attacks and strokes, studies show.

The findings do not prove the chemicals, added to cookware, carpets, textiles and other items to make them more water- and stain-repellant, cause any adverse heart issues because other factors could be at play.

Scientists said the results, however, should serve as a warning that 'there may be no safe levels below which exposure is without health hazard'.

**What ARE 'forever chemicals'?**

'Forever chemicals' are a class of common industrial compounds that don't break down when they're released into the environment.

Humans are exposed to these chemicals after they've come in contact with food, soil or water reservoirs.

These chemicals — known more properly as per- and polyfluoroalkyl substances, or PFAS — are added to cookware, carpets, textiles and other items to make them more water- and stain-repellant.

PFAS contamination has been detected in water near manufacturing facilities, as well as at military bases and firefighting training facilities where flame-retardant foam is used.

The chemicals have been linked to an increased risk of kidney and testicular cancer, and damage to the immune system, as well as birth defects, smaller birth weights, and decreased vaccine response in children.

**Mail Online**

ပေကျင်း၊ နိုင်ငံရေး

# တရုတ်(တိုင်ပေ)သို့ စစ်လက်နက်များရောင်းချခဲ့သည့် အမေရိကန်အမှုဆောင် နှစ်ဦးအား တရုတ်ကပြည်ဝင်ခွင့်ပိတ်ပင်ပြီး ပိုင်ဆိုင်မှုများကိုထိန်းချုပ်



တရုတ်(တိုင်ပေ)သို့ စစ်လက်နက်များရောင်းချခဲ့သည့် အမေရိကန်ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီနှစ်ခုမှ အမှုဆောင်အရာရှိနှစ်ဦးအား တရုတ်အစိုးရက ပြည်ဝင်ခွင့်ပိတ်ပင်လိုက်ပြီး ၎င်းတို့၏ပိုင်ဆိုင်မှုများကိုပါ ထိန်းချုပ်လိုက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီလ ၁၁ရက်တွင် ထုတ်ပြန်သည်။

တရုတ်အစိုးရ၏ အဆိုပါပိတ်ဆို့ကန့်သတ်မှုများသည် မောင်းသူမဲ့လေယာဉ်များထုတ်လုပ်သည့် အမေရိကန်ရှိ GA ကုမ္ပဏီနှင့် စစ်သုံးမော်တော်ယာဉ်များထုတ်လုပ်နေသည့် GD ကုမ္ပဏီမှလုပ်ငန်းခွဲတစ်ခုဖြစ်သည့် General Dynamics Land Systems တို့ပါဝင်ကြောင်းသိရသည်။

တရုတ် (တိုင်ပေ)သို့ လက်နက်ပစ္စည်းများရောင်းချပေးခြင်းသည် နိုင်ငံ၏ပြည်တွင်းရေးကို ဆိုးရွားစွာဝင်ရောက်စွက်ဖက်ခြင်းဖြစ်ပြီး တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေပေါင်းစည်းမှုကိုဖျက်ဆီးခြင်းဖြစ်ကြောင်း တရုတ်အစိုးရက ပြောကြားထားသည်။

ထို့ပြင် တရုတ်(တိုင်ပေ)သို့ အမေရိကန်က လက်နက်ပစ္စည်းများ ဆက်လက်ရောင်းချပေးနေခြင်းသည် အမေရိကန်နှင့် တရုတ်တို့ကြား ပူးတွဲထုတ်ပြန်ထားသည့် ကြေညာစာတမ်းသုံးရပ်ပါ အချက်အလက်များနှင့် တရုတ်အစိုးရ၏ တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ဆိုးရွားစွာဖောက်ဖျက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံက ဆက်လက်ပြောကြားသည်။

တရုတ်အစိုးရသည် ၂၀၂၃ ခုနှစ်ကလည်း တရုတ်(တိုင်ပေ)အား လက်နက်များထောက်ပံ့ပေးနေသည့် အမေရိကန်လက်နက်ကုမ္ပဏီများဖြစ်သည့် Northrop Grumman and Lockheed Martin တို့အပေါ် ပိတ်ဆို့မှုများချမှတ်ခဲ့ကြောင်း သိရသည်။ *Ref: ST*

မိုရိုနီ၊ ရာဇဝတ်မှု

# ကိုမိုရော့စ်မြို့တော် မိုရိုနီရှိအကျဉ်းထောင်မှ အကျဉ်းသား ၃၈ ဦးထွက်ပြေး

အာဖရိကအရှေ့ပိုင်းရှိ ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကိုမိုရော့စ်မြို့တော်၊ မိုရိုနီရှိအကျဉ်းထောင်မှ အကျဉ်းသား ၃၈ ဦးသည် ဧပြီလ ၁၁ ရက် နံနက်ပိုင်းက ထွက်ပြေးလွတ်မြောက်သွားကြောင်း ရှေ့နေချုပ်နှင့် အစိုးရအဖွဲ့ကထုတ်ပြန်သည်။




အဆိုပါအကျဉ်းထောင်မှ အကျဉ်းသားများထွက်ပြေးလွတ်မြောက်ခြင်းသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပေါ့လျော့မှုကြောင့်ဖြစ်ကြောင်း ရှေ့နေချုပ် အလီမိုဟာမက်ဂျူနာအစ်က သတင်းဌာနတစ်ခုသို့ ပြောကြားသည်။

အကျဉ်းသားများသည် မွတ်စလင်ဘာသာဝင်များ၏ ဘာသာရေးပွဲတော်အတွက် ဆုတောင်းပွဲမကျင်းပမီ ထွက်ပြေးသွားခြင်းဖြစ်ပြီး ၎င်းတို့၏ထွက်ပြေးမှုတွင် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း အကျဉ်းထောင်အကြီးအကဲ ဆိုအီလီနီအလီက ပြောသည်။

အကျဉ်းထောင်မှ ထွက်ပြေးခြင်းကို ဖမ်းဆီးခံထားရသည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များက စီစဉ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အား ပြန်လည်ဖမ်းဆီးနိုင်ရန်အတွက် အာဏာပိုင်အဖွဲ့က ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ *Ref: WE, ST*

တိုကျို၊ ရာဇဝတ်မှု

# ယန်း ၁၀ သန်းခန့်တန်ဖိုးရှိ ရွှေပန်းကန်လုံးအား လူတစ်ဦးက တိုကျိုဈေးဝယ်စင်တာမှခိုးယူ

ဂျပန်ယန်းငွေ ၁၀ သန်းခန့် (ဒေါ်လာ ၆၅၀၀၀ ခန့်) တန်ဖိုးရှိသည့် ရွှေပန်းကန်လုံးတစ်လုံးအား လူတစ်ဦးက တိုကျိုမြို့ရှိ ဈေးဝယ်စင်တာတစ်ခုမှ ခိုးယူသွားခဲ့ကြောင်း ကျိုဒိုသတင်းဌာနက ထုတ်ပြန်သည်။



အဆိုပါရွှေပန်းကန်လုံးကို တိုကျိုမြို့ရှိ နီဟွန်ဘာရှိ တာကာရှိမာယာ ဈေးဝယ်စင်တာတွင် ပြသထားခြင်းဖြစ်ပြီး ယင်းပန်းကန်လုံးပျောက်ဆုံးနေခြင်းကို ဝန်ထမ်းတစ်ဦးက မွန်းလွဲချိန်တွင် သတိထားမိခဲ့ပြီးနောက် ရဲတပ်ဖွဲ့အား သတင်းပေးတိုင်ကြားခြင်းဖြစ်သည်။ မြို့တော်ရဲတပ်ဖွဲ့သည် နောက်ပိုင်းတွင် စီစီတီဗွီတွင် ဖမ်းယူရိုက်ကူးနိုင်ခဲ့သည့် အမျိုးသားတစ်ဦးအား လိုက်လံရှာဖွေလျက်ရှိသည်။

စီစီတီဗွီပေါ်တွင် ရိုက်ကူးနိုင်ခဲ့သည့် အမျိုးသားမှာ အသက် ၂၀ ကျော်မှ ၃၀ ကျော်အရွယ်ရှိသူဖြစ်ပြီး ရွှေပန်းကန်လုံးအား ၎င်း၏ကျောပိုးအိတ်အတွင်းသို့ ဒေသစံတော်ချိန် ၁၁ နာရီ ၄၀ မိနစ်ခန့်တွင် ထည့်သွင်း၍ ယူဆောင်သွားခြင်းဖြစ်သည်။ ရွှေပန်းကန်လုံးအားယူဆောင်သွားသူမှာ မျက်မှန်တပ်ဆင်ထားသူဖြစ်ကြောင်း သိရသည်။ *Ref: Xinhua*

မော်စကို၊ နည်းပညာ

# နှောင့်နှေးခဲ့ရသည့် အာကာသဒုံးပျံတစ်စင်းအား ရုရှားအောင်မြင်စွာလွှတ်တင်



ရုရှားနိုင်ငံသည် လွှတ်တင်ရန်နှောင့်နှေးခဲ့ရသည့် အာကာသလွှတ်တင်ရေး ဒုံးပျံတစ်စင်းအား ဧပြီလ ၁၁ ရက်တွင် အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း နိုင်ငံပိုင်အာကာသအေဂျင်စီက တိုက်ရိုက်ထုတ်ပြန်သည်။

ရုရှားနိုင်ငံသည် Angara-A5 အမည်ရှိ အဆိုပါအာကာသဒုံးပျံအား ပထမဆုံးအကြိမ်အဖြစ် နိုင်ငံ၏အရှေ့ဖျားဒေသ၊ အာမာအာကာသစခန်းမှ လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ရုရှားသိပ္ပံပညာရှင်များသည် ယင်းဒုံးပျံကို ယခုရက်သတ္တပတ်အတွင်း လွှတ်တင်ရန်နှစ်ကြိမ်တိုင်တိုင်ကြိုးပမ်းခဲ့သော်လည်း လွှတ်တင်ရေးစနစ်၏အင်ဂျင်ချွတ်ယွင်းမှုနှင့် အခြားကိစ္စရပ်များကြောင့် အချိန်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ကြောင်းသိရသည်။

Angara ဒုံးပျံအမျိုးအစားသည် အပေါ့စားနှင့် အကြီးစားအာကာသယာဉ်များအား အာကာသအတွင်းသို့ လွှတ်တင်ရာတွင်အသုံးပြုသည့် လွှတ်တင်ရေးဒုံးပျံအမျိုးအစားတစ်ခုဖြစ်သည်။

ရုရှားအစိုးရသည် Angara အမျိုးအစားဒုံးပျံများကို Spectr-UV ကဲ့သို့သော ကမ္ဘာ့ပတ်လမ်းစောင့်ကြည့်ရေးဂြိုဟ်တု၊ ရုရှားအာကာသစခန်းရှိ ဂြိုဟ်တုများအပါအဝင် ပတ်လမ်းအတွင်း အနိမ့်ပျံသန်းနေသည့် ဂြိုဟ်တုများ၌တပ်ဆင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ကာဇက်စတန်နိုင်ငံရှိ ဘိုင်ကိုနော်အာကာသစခန်းအား ရုရှားကအသုံးပြုနိုင်သည့် သဘောတူညီချက်သည် လာမည့် ၂၀၅၀ ပြည့်နှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ရုရှားအစိုးရက Angara ဒုံးပျံစီမံကိန်းအား အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

*Ref: MT, Xinhua*

# ပဲခူးမြို့၌ စတုတ္ထအကြိမ်မြောက် သောတာပန်ဆီအလှူတော်မင်္ဂလာအခမ်းအနားတွင် ဆီပိသာချိန်ပေါင်း ၉၁၇၄ ပိသာလှူဒါန်းခဲ့

**ပဲခူး ဧပြီ ၁၁**

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ယမန်နေ့နံနက်ပိုင်းက စတုတ္ထအကြိမ်မြောက် သောတာပန်ဆီအလှူတော် မင်္ဂလာအခမ်းအနားကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ကြည်ညိုခဲ့သည်။

ရှေးဦးစွာ စတုတ္ထအကြိမ်မြောက် သောတာပန်ဆီအလှူတော် မင်္ဂလာအခမ်းအနားအား နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားအား ဖွင့်လှစ်ပေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဉဿာသီရိစာသင်တိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တသူရိယအရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။



ထို့နောက် ကြွရောက်တော်မူလာကြသည့် ဆရာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး တက်ရောက်လာသည့် ဧည့်ပရိသတ်အပေါင်းက သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်ပဓာန နာယကဆရာတော်ထံမှ ဩဝါဒကထာ နာယူခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက ကြွရောက်လာသည့် ဆရာတော်အရှင်သူမြတ်များထံ သင်္ကန်း၊ ဆန်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

၎င်းနောက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်အရှင်ဆေကိန္ဒထံမှ အနုမောဒနာတရားနာယူခဲ့ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ စတုတ္ထအကြိမ်မြောက် သောတာပန်ဆီ အလှူတော်မင်္ဂလာအခမ်းအနားအား အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြွရောက်လာသည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

စတုတ္ထအကြိမ်မြောက် သောတာပန်ဆီအလှူတော် မင်္ဂလာအခမ်းအနားတွင် ပဲခူးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၃၀၄ ကျောင်းမှ သံဃာတော် ၇,၂၇၃ ပါး၊ သီလရှင်ကျောင်းတိုက် ၅၇ ကျောင်းမှ သီလရှင် ၁၉၀၁ ပါးတို့အတွက် တစ်ပါးလျှင် ဆီ ၁ ပိသာနှုန်းဖြင့် စုစုပေါင်း ဆီပိသာချိန်ပေါင်း ၉၁၇၄ ပိသာအား သက်ဆိုင်ရာကျောင်းတိုက်အသီးသီးသို့ ပို့ဆောင်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**၄၀၁၊ တင်စိုး(ပဲခူး)**

---

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

---

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Min Htawara Chann" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ညောင်ကုန်းကျေးရွာနေ ဉာဏ်ထွန်းလေးအား နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ "Shwe Zin Myint Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အရှေ့ပြင်ရပ်ကွက်နေ ရွှေစင်မြင့်မိုရ်ဦး(ခ)ရွှေစင်အား ညနေ ၃ နာရီ ၅၀ မိနစ်တွင်လည်းကောင်း၊ "Mya Hnin Wai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဖိုကုန်းကျေးရွာနေ မြနှင်းဝေအား ည ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Aung Zay Ya" Facebook အကောင့်နှင့် "Aung San" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်နေ ကျော်ခိုင်ထွန်းအားလည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**(၁၀၀)**

နေပြည်တော်   ဧပြီ   ၁၁

# ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်) အဘိုးအဘွားများအတွက် ဆန်၊ ဆီနှင့် အလှူငွေများပေးအပ်လှူဒါန်း



တိုင်းပြည်နှင့် လူမျိုးအတွက် နှစ်ရှည်လများ သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် ၆၀ နှင့်အထက် အဘိုးအဘွား၊ တပ်မတော်သားများကို ရာသက်ပန်ပြုစုစောင့်ရှောက်နေသည့် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် မိသားစုတို့က ယနေ့မွန်းလွဲပိုင်းတွင် ဆန်၊ ဆီ၊ လက်ဖက်ခြောက်နှင့် အလှူငွေကျပ် ၅၀၀၀၀၀ အား သွားရောက်လှူဒါန်းကြရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တာဝန်ခံအရာရှိ ဗိုလ်မှူးသောင်းမြင့်(ငြိမ်း)က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဘိုးဘွားရိပ်သာတွင် နိုင်ငံတော်အတွက် အသက်စွန့်လွှတ်သွားကြသည့် သူရဲကောင်းစစ်သည်များ၏ မိသားစုများ၊ ကိုယ်လက်အင်္ဂါပေးလှူသွားခဲ့ကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များမှ အသက် ၆၀ နှင့်အထက် အဘိုး ၁၂၅ ဦး၊ အဘွား ၅၉ ဦး အဘိုးအဘွားစုစုပေါင်း ၁၈၄ ဦးတို့ကို ရာသက်ပန်ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော်   ဧပြီ   ၁၁

# ၂၀၂၄ ခုနှစ် ဧပြီလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၀၀ ဒီဂရီဖာရင်ဟိုက်မှ ၁၀၉ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၅၀ ဒီဂရီဖာရင်ဟိုက်မှ ၆၁ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၄၂ ရာခိုင်နှုန်းမှ ၅၂ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၅၃ ရာခိုင်နှုန်းမှ ၆၃ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၄ ရာခိုင်နှုန်းမှ ၇၃ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင် ၇၄ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၄၀ မီလီမီတာမှ ၅၀ မီလီမီတာအတွင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၁ မီလီမီတာမှ ၆၁ မီလီမီတာအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၆၂ မီလီမီတာမှ ၇၂ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၇၃ မီလီမီတာမှ ၈၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်ပါသည်။

**(မိုး/ဧလ)**

---

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၄-၂၀၂၄ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၂၀ | ၂၈၇၀ | ၂၈၆၅ | ၂၈၃၀ | ၂၈၇၀ | ၂၈၉၀ | ၂၈၇၅ | ၂၈၅၅ | ၂၉၅၀ | ၂၉၇၀ | ၂၈၆၀ | ၂၈၇၀ | ၂၉၀၅ | ၂၉၀၅ | ၂၉၁၀ | ၃၁၄၀ | ၃၄၅၀ |
| 95 Ron | ၂၉၃၀ | ၂၉၈၀ | ၂၉၈၀ | ၂၉၄၀ | ၂၉၈၀ | ၃၀၀၀ | ၂၉၈၅ | ၂၉၆၅ | ၃၀၆၅ | ၃၀၈၀ | ၂၉၇၀ | ၂၉၉၀ | ၃၀၁၅ | ၃၀၁၅ | ၃၀၂၀ | ၃၂၅၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၀ | ၂၅၂၅ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၅ | ၂၈၀၅ | ၃၇၂၅ |
| HSD (50 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၅ | ၂၆၈၅ | ၂၆၈၀ | ၂၅၇၀ | ၂၅၈၀ | ၂၆၁၅ | ၂၆၁၅ | ၂၆၂၀ | ၂၈၅၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၅ | ၂၆၈၅ | ၂၆၈၀ | ၂၅၇၀ | ၂၅၈၀ | ၂၆၁၅ | ၂၆၁၅ | ၂၆၂၀ | ၂၈၅၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၉၂ | ၂၇၈၀ |
| 95 Ron | ၂၈၀၀ | ၂၈၉၀ |
| HSD (500 ppm) | ၂၃၆၇ | ၂၄၄၄ |
| HSD (50 ppm) | ၂၄၁၁ | ၂၄၈၉ |
| HSD (10 ppm) | ၂၄၁၁ | ၂၄၈၉ |


**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



နေပြည်တော် ဧပြီ ၁၁


# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



ဧရာဝတီ တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




မြန်မာ့စက်မှု ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




သီလဝါ ကုန်သေတ္တာ စစ်ဆေးရေး စခန်း၌ ဖမ်းဆီးရမိမှု။






ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ရန်ကုန် တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၈ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ချောင်းသာ)မြို့၊ ကံကြီးကျေးရွာအနီး၌ ရေယာဉ် (၂)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင် စားအုန်းဆီ (၁၈)လီတာပါ (၇၂၉) ပုံး၊ Star Oil စားအုန်းဆီ (၁၈)လီတာပါ (၄၃၇)ပုံး အပါအဝင် ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၃၀၀၀၀၀)နှင့် အဆိုပါစားသုံးဆီများတင်ဆောင်လာသည့် ငါးဖမ်းစက်လှေ (၂)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၉ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် ZOJE အပ်ချုပ်စက် (၆၀၀) လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀၀၀)ကိုလည်းကောင်း၊ သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၄)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Stainless Steel Pipe (၃၆၇၃)ကီလိုဂရမ်၊ မှန်ညင်းစေ့ (၅၆၉၇၄)ကီလိုဂရမ်၊ Forix Door Lock (၂၅၈၀)ခု အပါအဝင် ကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၃၉၇၀၅၁)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၅၃၉၇၀၅၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဧပြီလ ၉ ရက်**တွင် ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် (၁) စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Cook & Lobster ငါးငံပြာရည် (၄၈၀၀)ပုလင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဧပြီလ ၁၀ ရက်**တွင် ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်းနှင့် မိုးကောင်းလမ်းဆုံအနီး၌ လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဧပြီလ ၉ ရက်**တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Queen အချိုရည်အဆီ (၁၂၀၀)ပုလင်း၊ Donutt Dietary Supplement (၅၂၅၀) ပုလင်းအပါအဝင် ကုန်ပစ္စည်း (၃) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဧပြီလ ၁၀ ရက်**၌ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၇ ဒသမ ၈၈၀)တန်၊ သစ်မာ (သုည ဒသမ ၃၉၉)တန်နှင့် အခြားသစ် (သုည ဒသမ ၂၀၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၆၇၂၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၂၆၇၂၀)**ကိုဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၁၀ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Kluger မော်တော်ယာဉ် (၁)စီးနှင့် Toyota Landcruiser Prado မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀၀)ကိုလည်းကောင်း၊ မုံရွာမြို့၊ မအူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ SKAT SOWAR မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီလ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၇၁၂၃၇၇၁)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၁၁

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် ဧပြီလ ၉ ရက် နံနက် ၁၁ နာရီတွင် မိုးညှင်းမြို့နယ်၊ ပင်လုံကျေးရွာအုပ်စု၊ နန့်စီးအောင်ကျေးရွာအနီးတွင် EXPRESS ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၈၈ ကီလိုကိုလည်းကောင်း၊ အလားတူ ညနေ ၅ နာရီတွင် ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တွင် EXPRESS ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၉ ဒသမ ၈ ကီလိုကိုလည်းကောင်း။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဧပြီလ ၁၀ ရက် ညနေ ၃ နာရီတွင် သာစည်မြို့၊ အမှတ် (၁) မင်းရန်နိုင်ရပ်ကွက်၊ နွားပွဲဈေးအနီးရှိ မညိမ်းညိမ်းလတ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အောင်အောင်အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၆၁၅၀ ကို လည်းကောင်း၊ ထို့ပြင် ဧပြီလ ၉ ရက် မွန်းတည့် ၁၂ နာရီတွင် ပူးပေါင်းအဖွဲ့သည် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဘားအံလမ်းတွင် သန်းဇော် မောင်းနှင်ပြီး ဝင်းထွန်းစိုး(ခ) ကရင်နှင့် မချယ်ရီဖြိုးတို့ လိုက်ပါလာသည့် BELTA အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ ည ၉ နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ်၊ နန္ဒွင်းကုန်းရပ်ကွက်၊ ဝေဇယန္တာလမ်းမကြီးတွင် ဟန်နီကိုကိုအား စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း၊ အလားတူ ဧပြီလ ၁၀ ရက် ညနေ ၅ နာရီတွင် ပူးပေါင်းအဖွဲ့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၉) ရပ်ကွက်ရှိ မဇင်မာဝင်း(ခ)ပိုင်ပိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**




မညိမ်းညိမ်းလတ်နှင့်အောင်အောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ဒေသတွင်းထုတ်လုပ်ဖြန့်ချိရောင်းချနေသည့် ရွှေညီသြထားဝယ်ရိုးရာလုံချည်

တွေ့ဆုံမေးမြန်း
ကျော်ကျော်လတ်(ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် စီးပွားရေးကဏ္ဍ၌ပါဝင်သော တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးဆိုသည့်အချက်နှင့်အညီ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ မှတ်ပုံတင်ထားသည့် အသေးစားစက်မှုလက်မှုလုပ်ငန်း ၅၀၈ ခုရှိပြီး ယင်းလုပ်ငန်းများအနက်မှ ထားဝယ်မြို့ရှိ ရွှေညီသြထားဝယ်ရိုးရာ လုံချည်ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းဆောင်ရွက်မှုကို လုပ်ငန်းရှင် ဦးနေမင်းနှင့် တွေ့ဆုံမေးမြန်းမှုအား ဖော်ပြလိုက်ရပါသည်-



**မေး။ ။ လုပ်ငန်းရှင်အမည်နဲ့ ထားဝယ်ရိုးရာလုံချည်ဝတ်ဆင်ခဲ့တဲ့ ယဉ်ကျေးမှုသမိုင်းကြောင်းကို ရှင်းပြပေးပါ။**

**ဖြေ။ ။** ကျွန်တော်ကတော့ ရွှေညီသြအထည်စက်ရုံလုပ်ငန်းရှင် ဦးနေမင်း ဖြစ်ပါတယ်။ ထားဝယ်ရိုးရာ ဝတ်စားဆင်ယင်မှုသမိုင်းကြောင်းကို လေ့လာကြည့်မယ်ဆိုရင် အေဒီ ၇၅၁ ခန့်ကတည်းကထားဝယ်သူ၊ ထားဝယ်သားတွေဟာ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားစွာနဲ့အဝတ်အထည်များ ရက်လုပ်ဝတ်ဆင်လျက်ရှိနေပြီဖြစ်တာကိုသိရပါတယ်။ အင်းဝခေတ်မင်းကြီးစွာစော်ကဲလက်ထက်မှာ ထားဝယ်ရိုးရာပိုးလုံချည်များရက်လုပ်ဝတ်ဆင်နေပြီဖြစ်ကြောင်းကို သမိုင်းအထောက်အထားတွေမှာအခိုင်အမာဖော်ပြထားပါတယ်။ ထားဝယ်ဒေသရဲ့ ရတနာလေးမျိုးထဲမှာ တစ်မျိုးပါဝင်ပြီး ရတနာတန်းဝင်ပစ္စည်းဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ် နောက်ပိုင်းကာလတွေမှာ ထားဝယ်ပိုးလုံချည်ရက်လုပ်မှုများ ရပ်တန့်သွားပြီး ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှာ ထားဝယ်ရိုးရာ ချည်လုံချည်များ ရက်လုပ်ထွန်းကားခဲ့ပါတယ်။

**မေး။ ။ ရွှေညီသြအထည်စက်ရုံတည်နေရာနဲ့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သိပါရစေ။**

**ဖြေ။ ။** ရွှေညီသြအထည်စက်ရုံတည်နေရာကတော့ ထားဝယ်မြို့နယ် ရှင်မုတ္ထီးကျေးရွာမှာရှိပါတယ်။ စက်ရက်ကန်းစင်ရှစ်စင်ကို အလုပ်သမား ၁၆ ဦးနဲ့လည်ပတ်ဆောင်ရွက်နေပါတယ်။ ရက်သတ္တပတ်လျှင်ခြောက်ရက် လုပ်ကိုင်ကြပြီး တနင်္ဂနွေနေ့တိုင်းနဲ့ အစိုးရရုံးပိတ်ရက်တွေကို အလုပ်နားရက်သတ်မှတ်ပေးပါတယ်။

**မေး။ ။ ကုန်ကြမ်းရရှိမှုနဲ့ သုံးစွဲမှုအခြေအနေတွေကိုလည်း ရှင်းပြပေးပါ။**

**ဖြေ။ ။** ကုန်ကြမ်းချည်တွေကိုတော့ မန္တလေးမြို့ကနေ အဓိကမှာယူပါတယ်။ အမျိုးအစားအနေနဲ့ (၂/၈၀)ချည်နဲ့ ABC အမှတ်တံဆိပ် ယုန်ဟာလီချည်တို့ပဲဖြစ်ပါတယ်။ အတိုင်နဲ့အဖောက်အတွက် နေ့စဉ် ချည် ၂၀ ပေါင်ခန့် သုံးစွဲရပါတယ်။

**မေး။ ။ ကုန်ချောထွက်ရှိမှုနဲ့ဖြန့်ချိရောင်းချနေတဲ့ဈေးကွက်အခြေအနေကို သိပါရစေ။**

**ဖြေ။ ။** အမျိုးသားဝတ်၊ အမျိုးသမီးဝတ် ထားဝယ်လုံချည်တွေကို တစ်ရက်အထည် ၄၀ ခန့် ထုတ်လုပ်ပြီး ဒေသတွင်းနဲ့ ရန်ကုန်မြို့ရှိ MSME Product Show-room မှာ ဖြန့်ချိရောင်းချနေပါတယ်။ ဒါ့အပြင် ပြည်ပဈေးကွက်အနေနဲ့ ထိုင်းနိုင်ငံဘာသာရေးပွဲတော်တွေ၊ ရိုးရာပွဲတွေမှာ တူညီဝတ်စုံအနေနဲ့သုံးစွဲဖို့ မှာယူကြတာတွေလည်းရှိပါတယ်။

**မေး။ ။ ရောင်းအားမြှင့်တင်ဆောင်ရွက်ခဲ့ပုံကိုလည်းရှင်းပြပေးပါဦး။**

**ဖြေ။ ။** အရည်အသွေးကောင်းမွန်ပြီး ဒီဇိုင်းလှပစွာနဲ့ ရိုးရာမပျက်ထုတ်လုပ်ပါတယ်။ နိုင်ငံတော်အဆင့်နဲ့ ဒေသအတွင်း အရောင်းပြပွဲတွေမှာလည်း ပါဝင်ပြသပါတယ်။

**မေး။ ။ ဝတ်ဆင်သူများ အကြိုက်တွေ့စေပြီး ဈေးနှုန်းချိုသာစွာဝယ်ယူ ဆင်မြန်းနိုင်မှုနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

**ဖြေ။ ။** မြန်မာ့ရာသီဥတုနဲ့ကိုက်ညီအောင် ချည်သားစစ်စစ်နဲ့ ထုတ်လုပ်ထားပြီး ဈေးနှုန်းချိုသာစွာ ရောင်းချပေးတာဖြစ်လို့ လူတန်းစားမရွေးအားပေးဆင်မြန်းကြပါတယ်။ ဒါ့အပြင် ယဉ်ကျေးမှုတန်ဖိုးမြင့်မားတဲ့ ရိုးရာလုံချည်ဖြစ်ပြီး ဝတ်ဆင်သူများ ဂုဏ်ယူစွာ ဝတ်ဆင်နိုင်ပါတယ်။ အခမ်းအနားပွဲတက်ရန် တင့်တယ်စွာ ဝတ်ဆင်နိုင်ပါတယ်။

**မေး။ ။ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရတာတွေရှိရင် သိပါရစေ။**

**ဖြေ။ ။** လက်ရှိလည်ပတ်နေတာကတော့ စက်ရက်ကန်းစင်ရှစ်စင်နဲ့ ရက်လုပ်နေတာဖြစ်ပြီး ကျွမ်းကျင်သူအလုပ်သမားတိုးလာတဲ့အပေါ် မူတည်ပြီး စက်ရက်ကန်းစင်နှစ်စင်နဲ့ လက်ရက်ကန်းစင်နှစ်စင် ထပ်မံတိုးချဲ့နေပါတယ်။ လက်ရက်ကန်းကိုတော့ ပိုးထည်လုံချည်များရက်ခတ်ဖို့ ရည်ရွယ်ပြီး လုပ်ဆောင်နေတာဖြစ်ပါတယ်။ ရိုးရာကိုထိန်းသိမ်းပြီး ခေတ်နဲ့လျော်ညီတဲ့ အဆင်တွေ ထုတ်လုပ်နိုင်ဖို့အတွက် အခုအချိန်မှာတော့ ထုတ်ကုန်အသစ်အဆန်းနဲ့ ပတ်သက်ပြီး ပွဲထိုင်အဆင့် ရိုးရာပိုးထည်ဒီဇိုင်းတွေ ထုတ်လုပ်သွားနိုင်ဖို့ကြိုးစားနေပါတယ်။

**မေး။ ။ လုပ်ငန်းအတွက် ပံ့ပိုးကူညီမှုတွေရှိရင်လည်း သိချင်ပါတယ်။**

**ဖြေ။ ။** တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှကူညီပံ့ပိုးမှုတွေရှိပါတယ်။ အခက်အခဲတွေနဲ့ပတ်သက်ပြီး တင်ပြရင်လည်း ဖြေရှင်းဆောင်ရွက်ပေးပါတယ်။ တနင်္သာရီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက နည်းပညာပိုင်းဆိုင်ရာတွေနဲ့ ကျွမ်းကျင်လုပ်သားဖြည့်တင်းရေးတွေပံ့ပိုးကူညီပေးပါတယ်။ ဒါ့အပြင် ဈေးကွက်ပိုမိုရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးတာတွေလည်း ကူညီဆောင်ရွက်ပေးပါတယ်။

**မေး။ ။ အလုပ်သမားတွေ ခန့်ထားရတဲ့အတွက် ဒေသခံတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းနဲ့ပတ်သက်ပြီး ရှင်းပြပေးပါ။**

**ဖြေ။ ။** အလုပ်အကိုင်အခွင့်အလမ်းကတော့ လုပ်ငန်းတိုးချဲ့မှုအပေါ် မူတည်ပြီး တိုးတက်ရရှိလာမှာဖြစ်တာကြောင့် စိတ်ပါဝင်စားစွာရေရှည်လုပ်ကိုင်သွားရင် ကျွမ်းကျင်လာတာနဲ့အမျှ ကိုယ်ပိုင်လုပ်ကိုင်ထူထောင်သွားနိုင်တဲ့ တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်အဖြစ် ရပ်တည်နိုင်တဲ့အထိ မျှော်မှန်းလုပ်ကိုင်နိုင်ပါတယ်။

**မေး။ ။ ရွှေညီသြအထည်စက်ရုံအနေနဲ့ အဓိကထားထုတ်လုပ်တဲ့ အထည်အမျိုးအစား ဘယ်လောက်ထုတ်လုပ်ရောင်းချနေတယ်ဆိုတာကိုလည်း သိပါရစေ။**

**ဖြေ။ ။** ထားဝယ်ရိုးရာအဆင်ဒီဇိုင်းအမျိုးမျိုးကို အမျိုးသားဝတ်၊ အမျိုးသမီးဝတ်လုံချည်တွေအဖြစ် ထုတ်လုပ်ရောင်းချနေတာဖြစ်ပါတယ်။

**မေး။ ။ လုပ်ငန်းတိုးချဲ့ဖို့အတွက် ဘာတွေလိုအပ်ပါသလဲ။**

**ဖြေ။ ။** လုပ်ငန်းတိုးချဲ့ဖို့အတွက် စက်ပစ္စည်းတွေဝယ်ယူဖို့နဲ့ ကုန်ကြမ်းပစ္စည်းတွေဝယ်ဖို့အတွက်အရင်းအနှီးလိုအပ်ပါတယ်။ အရင်းအနှီးငွေရရှိမယ်ဆိုရင် လုပ်ငန်းတွေပိုမိုတိုးချဲ့ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**မေး။ ။ MSME လုပ်ငန်းတွေကို အလေးထား ဆောင်ရွက်ပေးနေမှုအပေါ် သဘောထားအမြင်တွေ ပြောပြပေးပါ။**

**ဖြေ။ ။** MSME လုပ်ငန်းတွေ တိုးတက်အောင် ဆောင်ရွက်ပေးနေမှုတွေအပေါ် တစ်ပိုင်တစ်နိုင် လုပ်ငန်းအသစ်တွေ ထူထောင်ဆောင်ရွက်မယ့် လုပ်ငန်းရှင်တွေ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ လုပ်ငန်းမှတ်ပုံတင်ဖို့၊ MSMEအသင်းဝင်ဖြစ်အောင် ဆောင်ရွက်ကြဖို့နဲ့ လုပ်ငန်းတူသူအချင်းချင်း ပူးပေါင်းဆောင်ရွက်ရင် MSME လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုး တိုးတက်လာမှာဖြစ်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးကဏ္ဍလည်းလျင်မြန်စွာအကောင်အထည်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် နှစ်သစ်ကူး အခါသမယမှစ၍

မြန်မာတစ်နိုင်ငံလုံးမှ မိဘပြည်သူများ၊ မြဝတီဘဏ်နှင့်

ဆက်သွယ်ဆောင်ရွက်သော မိတ်ဟောင်း မိတ်သစ်များအားလုံး

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ...

နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။





ဒါရိုက်တာအဖွဲ့နှင့် ဘဏ်ဝန်ထမ်းများ
မြဝတီဘဏ်လီမိတက်

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)နှင့် ရုံးဌာန/သိုလှောင်ရုံ(၃)နေရာ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုံးဌာန/သိုလှောင်ရုံ(၄)နေရာ၊ စုစုပေါင်းရုံးဌာန/သိုလှောင်ရုံ(၈)နေရာတို့တွင် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုံခြုံရေးကုမ္ပဏီငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် - Tender.3.Security(2024-2025)
တင်ဒါစတင်သည့်ရက် - ၁၁-၄-၂၀၂၄ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၁၀-၅-၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ(၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်း(၆၁)မျိုး၊ ဓာတ်ခွဲပစ္စည်း(၁၂)မျိုးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ကျန်းမာရေးဌာနသုံးပစ္စည်း၊ စက်ပစ္စည်း၊ ရုံးသုံးပစ္စည်း(၂၇)မျိုးအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် - Tender.1.Med & Med Supplies(2024-2025)
- Tender.2.Equipment(2024-2025)
တင်ဒါစတင်သည့်ရက် - ၁၁-၄-၂၀၂၄ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၆-၅-၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကယားပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် | Lot No |
|---|---|---|
| လွိုင်ကော်မြို့၊ ဒေါ်ဥခူရပ်ကွက် ဝန်ထမ်းအိမ်ရာဝင်း | (၄)ခန်းတွဲ(၅)ထပ်(Roll Type) (၁၀၂'×၂၉.၅') RC ဝန်ထမ်းအိမ်ရာ(၂)လုံး တည်ဆောက်ခြင်း (၅၀%) | (1) |

၂။ **တင်ဒါလျှောက်လွှာ**
(က) စတင်ရောင်းချမည့်ရက်နေ့ - ၁၁ - ၄ -၂၀၂၄ (ကြာသပတေးနေ့)ရုံးချိန်တွင်း
(ခ) ရောင်းချမည့်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူးရုံး(တွဲဖက်)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တောင်ကြီးမြို့။
- ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွိုင်ကော်မြို့။
(ဂ) အရောင်းပိတ်မည့်ရက်နေ့/အချိန် - ၂၄ - ၄ -၂၀၂၄ ( ဗုဒ္ဓဟူးနေ့)(၁၄၀၀)နာရီ
(ဃ) နောက်ဆုံးတင်သွင်းရမည့်ရက်နေ့/အချိန် - ၂၆ - ၄ -၂၀၂၄ ( သောကြာနေ့) (၁၄၀၀)နာရီတိတိ

၃။ တင်ဒါဖွင့်မည့်ရက်နေ့နှင့်နေရာအား ထပ်မံထုတ်ပြန်ကြေညာသွားပါမည်။

၄။ တင်ဒါလျှောက်လွှာများအား သတ်မှတ်နှုန်းထားအတိုင်း ရောင်းချသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဖုန်း(၀၉-၄၃၁၃၀၈၅၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လမ်းဦးစီးဌာန
## ကြီးကြပ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
## အိတ်ဖွင့်တင်ဒါအမှတ်စဉ်(၁/၂၀၂၄-၂၀၂၅)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု/တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ (က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - ၁၀-၄-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)
(ခ) တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန် - ၂-၅-၂၀၂၄ ရက် (ကြာသပတေးနေ့) (၁၅:၀၀) နာရီ
(ဂ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် - ၆-၅-၂၀၂၄ ရက် (တနင်္လာနေ့) (၁၀:၀၀) နာရီ
(င) တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း(၀၉-၂၀၆၁၅၂၆၊ ၀၉-၇၉၈၈၃၆၇၃၀) သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**ကြီးကြပ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန် ရုံးသုံးစက်ပစ္စည်း (၂၀)မျိုးနှင့် ရုံးသုံးပရိဘောဂပစ္စည်း(၂၆)မျိုးတို့အား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၂-၄-၂၀၂၄ ရက်နေ့မှ ၉-၅-၂၀၂၄ ရက်နေ့အထိ (ရုံးချိန်အတွင်း)
တင်ဒါပုံစံရောင်းချမည့်နေရာ - ဂိတ်အမှတ်(၂)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅)
တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန် - ၁၀-၅-၂၀၂၄ ရက်နေ့၊ ညနေ(၄း၀၀)နာရီ
တင်ဒါဖွင့်လှစ်မည့်နေ့ရက် - ၁၄-၅-၂၀၂၄ ရက်နေ့၊ နံနက်(၁၀း၀၀)နာရီ (သို့မဟုတ်) ၁၅-၅-၂၀၂၄ ရက်နေ့၊ နံနက်(၁၀း၀၀)နာရီ
တင်ဒါဖွင့်လှစ်မည့်နေရာ - မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅)

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးသုံးစက်ပစ္စည်းများအတွက် ဖုန်း-၀၆၇-၃၄၁၀၂၉၃ (အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့လည်းကောင်း၊ ရုံးသုံးပရိဘောဂပစ္စည်းများအတွက် ဖုန်း-၀၆၇-၃၄၁၈၅၉၀ (ပစ္စည်း-၁ ဌာနစိတ်)သို့ လည်းကောင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ညောင်တောကျေးရွာအုပ်စု၊ ရှစ်အိမ်တန်းကျေးရွာနေ အဘ ဦးအောင်လွင်၏သမီး မသင်းမြတ်စိုး ၈/ရစက(နိုင်)၁၈၅၃၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(TCL 096412)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၄၁၆၈၃၆**

## ပျောက်ဆုံးကြောင်း

မူဆယ်မြို့နယ်၊ မန်ဟီးရိုးမြို့၊ နောင်ခေါ်ရွာနေ နန်းစံပွင့်(ဘ)စိုင်းအိုက်စိန် ၁၃/မဆတ(နိုင်)၀၇၃၁၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၃၇၀၁၅၁၂**




## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ချုပ်လှိုင်မြင့်(အငြိမ်းစား)
## အသက်(၆၆)နှစ်

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့တွင် ၂၀၁၆-၂၀၂၁ ခုနှစ်၊ ကာလအတွင်း စစ်ဆေးရေးမှူး၊ ဘဏ္ဍာရေးမှူးတာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်ချုပ်လှိုင်မြင့်(အငြိမ်းစား)သည် ၁၀-၄-၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့) မနက် ၀၁၀၀ နာရီတွင် ရန်ကုန်မြို့၊ နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှမောင်
## ရုံးအဖွဲ့မှူး(ငြိမ်း)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## အသက်(၈၂)နှစ်

မုံရွာမြို့နေ (ဦးမှန်-ဒေါ်ကေ)တို့၏သား၊ ပခုက္ကူမြို့နေ (ဦးမောင်မောင်-ဒေါ်ကျင်တုတ်)တို့၏ သားသမက်၊ နေပြည်တော် ဥတ္တရသီရိမြို့နယ်နေ ဒေါ်လှလှ၊ ရေအားလျှပ်စစ်ဦးစီးဌာန(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးချုပ်ရဲရင့်ဝင်း-ဒေါက်တာချောစုမောင်(ကျန်းမာရေးဝန်ကြီးဌာန)၊ ဒေါက်တာလမင်းမောင်(Shwe Zan Co.,Ltd.)တို့၏ ကျေးဇူးရှင်မွေးဖခင်ကြီး၊ မမြတ်ဘုန်းရဲရင့်စု၏အဘိုးသည် ၁၁-၄-၂၀၂၄ ရက်(ကြာသပတေးနေ့) နံနက် ၀၈၃၀ နာရီ၌ နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၂-၄-၂၀၂၄ ရက်(သောကြာနေ့) နံနက် ၁၀၀၀ နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

နေပြည်တော် ဧပြီ ၁၁

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ အေးစေတီကျောင်းတိုက်ဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၄၀ ပါးတို့အား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အေးစေတီကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ရန်ကုန် ဧပြီ ၁၁

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ





နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌ကျင်းပရာ အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား/ကျောင်းသူ ၄၈၆ ဦးတက်ရောက်သည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်က ရာထူးတာဝန်ကို အလွဲသုံးစားပြုပြီး ပြည်သူများထံမှ တံစိုးလက်ဆောင်ရယူခြင်းအပါအဝင် ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ အများပြည်သူပိုင်ပစ္စည်းကို ကိုယ်ပိုင်အဖြစ်သုံးစွဲခြင်း၊ မလျော်ဩဇာသုံး၍ မဲဆွယ်လွှမ်းမိုးခြင်း၊ မိမိ မိသားစုနှင့် ဆွေမျိုးကောင်းစားရေးဝါဒကျင့်သုံးခြင်း၊ မိမိနှင့်နီးစပ်သူများ ကောင်းစားရေးအတွက် ဆောင်ရွက်ခြင်းတို့သည် အဂတိလိုက်စားမှုမြောက်သည့် အပြုအမူများဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုပြဿနာသည် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် Global Issue ဖြစ်ပြီး နည်းလမ်းအမျိုးမျိုးနှင့်ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း။

အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်ဘဏ္ဍာနှင့်အရင်းအမြစ်များကို အများပြည်သူအကျိုးရှိစေမည့် လုပ်ငန်းများတွင် ထိရောက်စွာအသုံးပြုနိုင်ခြင်းမရှိဘဲ ကိုယ်ကျိုးစီးပွားအတွက် သုံးစွဲခြင်းကြောင့် နိုင်ငံတော်နစ်နာဆုံးရှုံးမှုများဖြစ်လာသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၏ ရည်ရွယ်ချက်တွင် "သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းလာစေရန်၊ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှုမြင့်မားတိုးတက်လာစေရန်"ဟု ပြဋ္ဌာန်းထားသည့်အတွက် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကိုဖော်ဆောင်ရာတွင် အဓိကမောင်းနှင်အားဖြစ်သော နိုင်ငံ့ဝန်ထမ်းများက အများပြည်သူဝန်ဆောင်မှုပေးရာ၌ ဖြောင့်မတ်တည်ကြည်မှုရှိစွာ၊ ဘက်လိုက်ခြင်းကင်းစွာ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ဝန်ဆောင်မှုပေးကြရန်လိုအပ်ကြောင်း၊ တက်ရောက်လာကြသည့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများအနေဖြင့် ဘဝတစ်သက်တာ အကျိုးရှိစေမည့် ရှင်းလင်းဆွေးနွေးချက်များကို သိရှိမှတ်သားကြ၍ မိမိတို့ပတ်ဝန်းကျင်လူမှုအသိုက်အဝန်းတွင် ပြန်လည်မျှဝေပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းနန္ဒာစိုးက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုမြတ်နိုင်က ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်စံနှုန်းများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး ဦးထိန်လင်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ပျောက်ဆုံးကြောင်း**
ဝေဖြိုးဦး(ဘ)ဦးထွန်းဝေ ၉/ငသရ(နိုင်)၀၁၂၂၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 864916)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ဇေယျာလင်း(ဘ)ဦးလှဝင်း ၁၂/မရက (နိုင်)၁၁၄၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 054368)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်နေ အောင်ပြည့်ဖြိုး(ဘ)ဦးတင့်နိုင် ၇/ပခန(နိုင်)၄၂၈၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၇၅၉၇၅၂၀**

**ပျောက်ဆုံးကြောင်း**
မင်းဝင်းထက်မိုး(ဘ)ဦးသိန်းဇံ ၁၀/ကမရ(နိုင်)၁၄၅၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၅၈၉၃၆၂၀**

**ပျောက်ဆုံးကြောင်း**
မမြင့်မေ(ဘ)ဦးရွှေလှ ၁၀/ရမန(နိုင်)၀၁၇၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၉၉၄၆၁၃၈**

**ပျောက်ဆုံးကြောင်း**
ဝေနေမင်းထိုက်(ဘ)ဦးဝင်းချို ၁၀/ရမန(နိုင်)၀၇၉၇၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 014571)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၉၉၄၆၁၃၈**

**ပျောက်ဆုံးကြောင်း**
မစန္ဒထေရီ(ဘ)ဦးမျိုးဇော် ၁၀/မလမ (သီ)၀၁၄၈၁ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၉၉၄၆၁၃၈**

**ပျောက်ဆုံးကြောင်း**
မနိုနိုလွင်(ဘ)ဦးအောင်လွင် ၁၀/ခဆန(နိုင်)၁၄၄၉၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၂၃၆၅၈၈၀**

**ပျောက်ဆုံးကြောင်း**
ဝင်းကြည်(ဘ)ဦးညွှန့် ၁၀/သထန(နိုင်)၂၂၅၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၉၀၂၈၈၅၉**

**ပျောက်ဆုံးကြောင်း**
ရန်နိုင်စိုး(ဘ)ဦးအောင်လှ ၁၀/ခဆန(နိုင်)၁၅၃၄၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၅၉၀၉၁၃၈၅**

**ပျောက်ဆုံးကြောင်း**
မျိုးသက်ကို(ဘ)ဦးအောင်ကျော်မြင့် ၁၂/ရပသ(နိုင်)၀၆၀၀၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၀၉၈၉၂၀၅**

**ပျောက်ဆုံးကြောင်း**
မောင်တင်ထွေး(ဘ)ဦးစံညိမ်း ၁၀/ကမရ(နိုင်)၀၇၈၇၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၈၀၄၇၆၉၉**

**ပျောက်ဆုံးကြောင်း**
မင်းလွင်(ခ)ဆူလွန်း(ဘ)ဦးနာရာချာပုလဲ ၁၀/မလမ(နိုင်)၁၆၇၁၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၅၅၈၂၈၂၀**

**ပျောက်ဆုံးကြောင်း**
မနွေးနေခြည်စော(ဘ)ဦးအောင်ကိုး ၁၀/သဖရ(နိုင်)၁၅၈၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၄၄၁၁၅၄၉**

**ပျောက်ဆုံးကြောင်း**
ပြည့်ဖြိုးအောင်(ဘ)ဦးမြင့်ဦး ၁၀/ခဆန(နိုင်)၁၂၆၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၂၃၆၃၀၈၁**

**ပျောက်ဆုံးကြောင်း**
အောင်မျိုးထက်(ဘ)ဦးတင်ထွန်း ၁၀/ခဆန(နိုင်)၁၃၆၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၂၃၆၁၃၃၅**

**ပျောက်ဆုံးကြောင်း**
ပြည့်ဖြိုးကြည်(ဘ)ဦးအေးမြင့် ၁၀/ကမရ(နိုင်)၀၇၉၇၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၂၃၆၅၈၈၀**

**ပျောက်ဆုံးကြောင်း**
ဇာခြည်ဝင်း(ဘ)ဦးသန်းမြင့်တင် ၁၂/လကန(နိုင်)၁၇၅၈၁၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၆၂၀၂၂၀၉**

**ပျောက်ဆုံးကြောင်း**
ချစ်ကိုကို(ဘ)ဦးထွန်းစိန် ၁၀/ပမန(နိုင်)၁၅၄၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၆၂၀၂၂၀၉**

**ပျောက်ဆုံးကြောင်း**
ရာဇာအောင်(ဘ)ဦးသန်းထွန်း ၃/ကဒန(နိုင်)၀၀၁၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၅၇၀၀၅၅၆**

**ပျောက်ဆုံးကြောင်း**
မဖြိုးနန္ဒာလှိုင်(ဘ)ဦးမျိုးမျိုး ၁၀/ပမန (နိုင်)၂၀၂၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၁၉၀၉၃၆၀**

**ပျောက်ဆုံးကြောင်း**
နန်းအေးအေးမြ(ဘ)ဦးစောပလိုက် ၃/ဘအန(နိုင်)၃၄၇၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 616116)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**
နန်းမြခွါညိုသင်း(ဘ)ဦးဘသန်း ၃/လဘန(နိုင်)၁၃၄၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 223752)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**
ဇော်ဝင်းနိုင်(ဘ)ဦးသန်းအောင်နိုင် ၁၂/လကန(နိုင်)၂၁၅၁၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 353837)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၉၈၉၆၄၀၀၇**


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR


အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
STARMART nine mile
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
RHINO
Lemon Tea
NAN MYAING
TRISTAR
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မီဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
ပင်ရင်းအရောင်းဌာန- ဖုန်း – ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
RHINO PORTLAND CEMENT
OPC-BS-12-1996
STRENGTH CLASS 42.5 N
PRODUCT OF MEC
EXPORT QUALITY
PREMIUM QUALITY CEMENT

❖ အရာရှိငယ်ဘ၀တွင် အထက်အကြီးအကဲများ၏ အမိန့်ကို တိကျစွာလိုက်နာတတ်ခြင်းသည် ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းတို့၏ အမူအကျင့်ကောင်းများပင်ဖြစ်...

❖ ငယ်သားဖြစ်ချိန်၌ နောက်လိုက်ကောင်းတစ်ယောက်ဖြစ်ခြင်းသည် နောင်တစ်ချိန်တွင် ခေါင်းဆောင်ကောင်းတစ်ယောက်၏အစပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြုလုပ်သောဘွဲ့ရအမျိုးသမီးဗိုလ်လောင်းအမှတ်စဉ်(၁၀)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘ၀လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ မတ်လအတွင်း ခရီးသွားဧည့်သည် ၃၈၉၅၅ ဦးအထိ လာရောက်လည်ပတ်ခဲ့



**ဟိုင်းကြီးကျွန်း ဧပြီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ မတ်လအတွင်း ခရီးသွားဧည့်သည် ၃၈၉၅၅ ဦးအထိ လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်နီနီမာ၏ပြောပြချက်အရ သိရသည်။

ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက ခရီးသွားဧည့်သည် စာမျက်နှာ ၁၅ ကော်လံ ၁ ⮺

## ၂၀၂၄ ခုနှစ် ဧပြီလ ဒုတိယ(၁၀)ရက်ပတ်အတွက် မြစ်ရေအခြေအနေခန့်မှန်းချက်

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၃ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့်ဖောင်းပြင်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၃ လက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ လက်မခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခွဲခန့် လက်ရှိရေမှတ်အောက် ကျဆင်းလာနိုင်ပြီး ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့်ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။ **(မိုး/ဇလ)**

## မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် မြဝတီသတင်းစာခေတ္တရပ်နားမည်

မြဝတီနေ့စဉ်သတင်းစာအား မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်(စနေနေ့)မှ ဧပြီလ ၁၈ ရက် (ကြာသပတေးနေ့)အထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီလ ၁၉ ရက်(သောကြာနေ့)တွင် ပုံမှန်အတိုင်းဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉